ကြေးမုံ
The Mirror

၁၃၇၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၃ ရက်၊ စနေနေ့၊ (4-12-2010) (၆၆၀၂)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အမှာစကားပြောကြား

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေ ၂၀၁၀ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

လောကပါလတရားများ ရှင်သန်ထွန်းကားသည့် မြန်မာနိုင်ငံတွင် မသန်စွမ်းသူများအား ကြည့်ရှုစောင့်ရှောက် မသန်စွမ်းသူများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ပိုမို ကျယ်ကျယ်ပြန့်ပြန့် ကွင်းဆင်းဆောင်ရွက်ခဲ့ပြီးဖြစ် မသန်စွမ်းသူများ ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြရန်လို

နေပြည်တော်　　ဒီဇင်ဘာ　　၃

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသော ၂၀၁၀ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အခမ်းအနားကို ယနေ့ နံနက် ၁၀နာရီတွင် နေပြည်တော်ခရိုင် ဇမ္ဗူသီရိမြို့နယ်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်သည်။

အဆိုပါ အခမ်းအနားသို့ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်၊ တရားသူကြီးချုပ် ဦးအောင်တိုး၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ ပြည်တွင်း ပြည်ပ အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ တာဝန်ရှိသူများနှင့် ဂုဏ်ပြုခံမသန်စွမ်းသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✳

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ
မိုးမြင့်(ကန့်ဘလူ)

မြို့ပြနှင့် ကျေးလက် ဖွံ့ဖြိုးတိုးတက် ရာသီမရွေးသွားလာနိုင်သည့် တောကျွရှုပ်သို့ ငါးမိုင်

လမ်းပြုပြင်ဆောင်ရွက်

ကန့်ဘလူ-တောက္ကရှုပ် လမ်းပြုပြင်လျက်ရှိရာ စက်ယန္တရားကြီးဖြင့် ဆောင်ရွက်နေသည်ကို တွေ့ရစဉ်။

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးနှင့် ကျေးလက်ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဌာနဆိုင်ရာများ၊ ဒေသအာဏာပိုင်များ၊ ဒေသခံပြည်သူများ စုပေါင်းအားဖြင့် အရှိန်အဟုန်မြှင့် ဆောင်ရွက်မှုကြောင့် ကန့်ဘလူ-တောက္ကရှုပ် ငါးမိုင်ရှည်လမ်းမှာ နွေ၊ မိုး၊ ဆောင်း တစ်နှစ်လုံး ရာသီမရွေး ဆက်သွယ်သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

ကန့်ဘလူ-တောက္ကရှုပ်လမ်း ကောင်းမွန်ရေးအတွက် တောက္ကရှုပ်ရွာမှ ကျေးလက်အဖွဲ့အစည်းများ၊ ရပ်မိရပ်ဖများ ဦးဆောင်သော ဒေသခံပြည်သူများသည် ယခုနှစ် ပွင့်လင်းကာလ ပူပြင်းသော ရာသီဥတုကို အန်တုပြီး မြေတူး၊ မြေဖို့ခြင်း၊ ကျောက်ဖြည့်ခြင်း၊ ရေနုတ်မြောင်းဖော်ခြင်း၊ ဂျင်းကျောက်ဖြန့်ခင်းခြင်းတို့ကို အလှည့်ကျနား၊ အလှည့်ကျလုပ်စနစ်ဖြင့် စုပေါင်းဆောင်ရွက်သည်။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ဆည်မြောင်းဦးစီးဌာနတို့က စက်ယန္တရားအင်အား၊ နည်းပညာအင်အား၊ လုပ်အားစသည်တို့ဖြင့် ပူးပေါင်းပံ့ပိုးကူညီသည်။

ကန့်ဘလူနှင့်တောက္ကရှုပ် လေးမိုင်ကျော်မျှသာ ဝေးသည်။ သို့သော် လှည်းလမ်းအရှည် ငါးမိုင်ရှိပြီး ပင်မကျောက်ချောလမ်း လေးမိုင်ခွဲရှိကြောင်း သိရသည်။ ပင်မ(ကျောက်ချော) လမ်းဘေးဝဲ၊ယာ၌ လှည်းလမ်းပြုပြင်ဖောက်လုပ်ခြင်း၊ အကျယ် ၁၂ပေ၊ အမြင့် ခြောက်လက်မ၊ အရှည်ပေ ၄၀၀၀ နှင့် ပင်မ(ကျောက်ချော) လမ်းပေါ်၌ အမြင့် နှစ်လက်မ၊ အရှည် နှစ်မိုင် ဂျင်းကျောက်ခင်းခြင်းတို့ကို စုပေါင်းအားဖြင့် ဆောင်ရွက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၄ သို့ ✺

ကြေးမုံ The Mirror
၄-၁၂-၂၀၁၀
(စနေနေ့)

ကျန်းမာပျော်ရွှင် ကိုယ်လက်လှုပ်ရှား လူထုအားကစား

ကျန်းမာခြင်းသည် ဉာဏ်ရည်မြင့်မားရေးကို အထောက်အကူပြုသည်။

လူတိုင်း လူတိုင်း အသက်ရှည်ကျန်းမာစွာနေထိုင်နိုင်ရေး၊ ရောဂါဘယကင်းရှင်းရေး အလေးထားကြရပေမည်။

ချမ်းအေးသည့် ဒီဇင်ဘာလသို့ ရောက်ရှိလာပြီ။ ဆောင်းရာသီ နံနက်ခင်းတိုင်း လမ်းလျှောက်ခြင်းဖြင့် စိတ်ကြည်လင်လန်းဆန်းစေသည်။ အရိုးအဆစ်များ ကြံ့ခိုင်သန်စွမ်းစေသည့်အပြင် ခန္ဓာကိုယ်အဝမလွန်စေရန်လည်း ထိန်းသိမ်းထားနိုင်သည်။

အရွယ်ရောက်သူတစ်ဦးသည် နေ့စဉ်နာရီဝက်၊ တစ်နာရီခန့် လမ်းလျှောက်ခြင်းဖြင့် ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းများ ပြုလုပ်သင့်သည်။ လူတစ်ဦးသည် ရက်သတ္တတစ်ပတ်လျှင် တစ်နာရီမှ သုံးနာရီအထိ ကိုယ်လက်လှုပ်ရှား လမ်းလျှောက်ခြင်း၊ လေ့ကျင့်ခန်းများ နေ့စဉ်မှန်မှန် ပြုလုပ်ပေးခြင်းဖြင့် နှလုံးထိခိုက်ခံရမှုမှ လျော့နည်းနိုင်သည်။ နှလုံးနှင့် အဆုတ်အား ပိုမိုကောင်းမွန်စေမည် ဖြစ်သည်။

သွေးတိုးရောဂါ၊ အဆုတ်ရောဂါ၊ နှလုံးရောဂါနှင့် အရိုးအဆစ် ရောဂါရှိသူများသည် နံနက်စောစောတစ်ကြိမ်၊ ညနေပိုင်းတွင် တစ်ကြိမ် နေ့စဉ်ပုံမှန်လမ်းလျှောက်သင့်သည်။ အရိုးကြီးပေါင်းနှင့် ခါးနာရောဂါ၊ အကြောညှပ်ရောဂါ ဝေဒနာသည်များသည် သွေးပူလေ့ကျင့်ခန်းနှင့် အသက်ရှူလေ့ကျင့်ခန်းကဲ့သို့ ပေါ့ပေါ့ပါးပါး လေ့ကျင့်နည်းများကို တစ်နေ့ငါးကြိမ်မှ အထက် တစ်ဖြည်းဖြည်းတိုး၍ လုပ်ဆောင်ခြင်းဖြင့် ရောဂါဝေဒနာ သက်သာနိုင်သည်။

ယခုအခါ ဒီဇင်ဘာ လူထုအားကစား လှုပ်ရှားမှုများ အပတ်စဉ်စနေနေ့တိုင်း ပြုလုပ်သွားမည်ဖြစ်ရာ ပြည်သူတိုင်းပါဝင်ကစားကြမည်ဖြစ်သည်။ ဘော်လီဘောပုတ်ခြင်း၊ ကြက်တောင်ရိုက်ခြင်း၊ ခြင်းလုံးခတ်ခြင်း၊ ထုပ်ဆီးတိုးခြင်း၊ နံနက်စောစောလမ်းလျှောက်ခြင်း စသည့် အားကစားနည်း တစ်မျိုးမျိုး ကစားသင့်သည်။ အားကစား တစ်မျိုးမျိုးကစားခြင်းကြောင့် ပင်ပန်းနွမ်းနယ်မှုများပျောက်ကာ စိတ်ရောကိုယ်ပါ ရွှင်လန်းတက်ကြွလာစေမည် ဖြစ်သည်။

နံနက်ခင်းတိုင်း သန့်ရှင်းလတ်ဆတ်သည့် လေကိုရှူရှိုက်ရင်း နေရောင်ခြည်အောက်တွင် လမ်းလျှောက်ကြခြင်းဖြင့် နေရောင်ခြည်သဘာဝစွမ်းအင်ရရှိနိုင်သည်။ အရိုးအဆစ်များလည်း သန်စွမ်းကာ ရောဂါဘယကင်းဝေးနိုင်ကြမည်။ ကိုယ်လက်လှုပ်ရှား အားကစားလေ့ကျင့်ခန်းများ ပြုလုပ်ခြင်းသည် ငွေကုန်ကြေးကျအသက်သာဆုံးနှင့် ရောဂါအများစုကို ကာကွယ်နိုင်သည်။ ချမ်းအေးသောလရာသီတွင် လူထုအားကစား လှုပ်ရှားမှုများ၌ တက်ကြွပျော်ရွှင် ပါဝင်ဆောင်ရွက်ကြခြင်းဖြင့် ကျန်းမာပျော်ရွှင်ခြင်းသုခ ပြည့်စုံစွာ ရရှိနိုင်ကြမည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနား တိုင်းမှူး ဗိုလ်မှူးချုပ်ဇေယျာအောင် တက်ရောက်ချီးမြှင့်

နေပြည်တော် ဒီဇင်ဘာ ၃

မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားကို နိုဝင်ဘာ ၂၅ ရက် နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ ပြည်ထောင်ကျေးရွာနယ်မြေခံသင်တန်းကျောင်း၌ ကျင်းပရာ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဇေယျာအောင်၊ တပ်မတော် အရာရှိကြီးများ၊ တပ်နယ် တပ်ရင်း၊ တပ်ဖွဲ့မှူးများ၊ အရာရှိစစ်သည်၊ ရဲမေမိသားစုဝင်များနှင့် တပ်နယ် တပ်ရင်း၊ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ သတ်မှတ်ပွဲစဉ်များအလိုက် ဆုရရှိကြသည့် အရာရှိ၊ စစ်သည်နှင့် ရဲမေများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ကြပြီး ပထမဆုရရှိသည့် အသင်းအား တိုင်းမှူးက တံခွန်စိုက်ဒိုင်းဆုကို ပေးအပ် ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

The Second International Conference on Science and Engineering (2010) **စာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကိုကိုဦး အမှာစကားပြောကြားစဉ်။**

(သတင်းစဉ်)

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဟောပြောပွဲ၊ စာတမ်းဖတ်ပွဲ အခမ်းအနားများကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၃

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် The Second International Conference on Science and Engineering (2010) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။

ယင်းအခမ်းအနားသို့ ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ဆရာ၊ ဆရာမများနှင့် လေ့လာသူများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ နည်းပညာဆိုင်ရာ ဘာသာရပ်များကို စိတ်ပါဝင်စားသူများ၊ နည်းပညာတက္ကသိုလ်များမှ ကျောင်းသား၊ ကျောင်းသူများ၊ သုတေသနပညာရှင်များ၊ ဂျပန်၊ စင်ကာပူ၊ ဗီယက်နမ်၊ ထိုင်း၊ ဘယ်လ်ဂျီယံ၊ အီရန်၊ ပါကစ္စတန်၊ တရုတ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ရှိ နည်းပညာတက္ကသိုလ်များမှ ပါမောက္ခများ၊ သုတေသနပညာရှင်များ၊ နိုင်ငံတကာနှင့် ပြည်တွင်းရှိ နည်းပညာတက္ကသိုလ်များမှ စာတမ်းရှင် ကျောင်းသား၊ ကျောင်းသူများနှင့် အခြား ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ရှေးဦးစွာ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ကိုကိုဦးက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ထိုင်းနိုင်ငံ Asian Institute of Technology (AIT) President Prof. Dr. Said Irandoust က အမှာစကားပြောကြားပြီး ဖွင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် သတ်မှတ်နေရာများ၌ ဟောပြောပွဲနှင့် စာတမ်းဖတ်ပွဲများကို ကျင်းပရာ စင်ကာပူသမ္မတနိုင်ငံ Nanyang Techonological University မှ Professor Dr. Liao Kin၊ ထိုင်းနိုင်ငံ Chulalongkorn University မှ Prof. Dr. Samsak Panyakeow၊ ဂျပန်နိုင်ငံ University of Tokyo မှ Prof. Dr. Wataru Takeuchi ၊ ဘယ်လ်ဂျီယံနိုင်ငံ International University မှ Prof. Dr.Ir Khin Ni Ni Thein၊ စင်ကာပူသမ္မတနိုင်ငံ Nayang Technological University မှ Director Prof. Dr. Marc. J.M . Abadie၊ ဂျပန်နိုင်ငံ Kansai University မှ Dean Prof. Dr. Hiroshi Tamura၊ စင်ကာပူသမ္မတနိုင်ငံ Nanyang Techonological University မှ Prof. Dr.SHU Dongwei၊ စင်ကာပူသမ္မတနိုင်ငံ Nanyang Technological University မှ Prof. Dr. Li Chang Ming၊ ဂျပန်နိုင်ငံ Kansai University မှ Prof . Dr. Hiroshi Tamura၊ ဂျပန်နိုင်ငံ University of Tokyo မှ Dr. An Ngoe Van နှင့် ဂျပန်နိုင်ငံ University of Tokyo မှ Dr. Kyaw Sann Oo တို့က သက်ဆိုင်ရာကဏ္ဍအလိုက် ခေါင်းစဉ်များဖြင့် ဟောပြောပို့ချကြသည်။

အဆိုပါစာတမ်းဖတ်ပွဲကို ဒီဇင်ဘာ ၃ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး နိုင်ငံတကာ အတွေ့အကြုံ ရင့်ကျက်သည့် မျိုးဆက်သစ် အင်ဂျင်နီယာများနှင့် လူငယ်ပညာရှင်များ ပေါ်ပေါက်လာစေရန်၊ နိုင်ငံအကျိုးပြု သုတေသနလုပ်ငန်းများ ပေါ်ထွန်းလာစေရန်၊ နိုင်ငံတကာတက္ကသိုလ်များနှင့် သုတေသနဆိုင်ရာ သတင်းအချက်အလက်များ ဖလှယ်ခြင်းဖြင့် အသိပညာဗဟုသုတများ တိုးပွားလာစေရန်နှင့် နိုင်ငံတကာတက္ကသိုလ်များမှ သိပ္ပံနှင့် နည်းပညာရပ်များနှင့် ကျွမ်းကျင်သူပညာရှင်များ၏ စာတမ်း ဖတ်ကြားမှုများ၊ ဟောပြောဆွေးနွေးပို့ချမှုများကို ကြားနာသိရှိခွင့်ရစေရန်ဟူသော ရည်ရွယ်ချက်များဖြင့် ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

အဆိုပါအခမ်းအနားတွင် ဂျပန်၊ စင်ကာပူ၊ ထိုင်း၊ ပါကစ္စတန်၊ တရုတ်၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ အီရန်နှင့် မလေးရှားနိုင်ငံများရှိ တက္ကသိုလ်များနှင့် သုတေသနဌာနများမှ စာတမ်းပေါင်း ၃၁ စောင်၊ ပြည်တွင်းနည်းပညာ တက္ကသိုလ်များ၏ ကျောင်းသား၊ ကျောင်းသူများနှင့် သုတေသနပညာရှင်များ၏ စာတမ်းပေါင်း ၂၇၄ စောင် စုစုပေါင်း စာတမ်းပေါင်း ၃၀၅ စောင်ကို တင်သွင်းဖတ်ကြား ကြသည်။

ညီလာခံကျင်းပနေစဉ်အတွင်း သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အောက်ရှိ တက္ကသိုလ်များမှ တာဝန်ရှိသူများနှင့် ထိုင်းနိုင်ငံ AIT တက္ကသိုလ် ပါမောက္ခချုပ်တို့သည် ရတနာပုံနည်းပညာတက္ကသိုလ်တွင် တက်ရောက်မည့် သင်တန်းသားများ ဒုတိယနှစ် သင်တန်းပြီးဆုံးပါက AIT တက္ကသိုလ်၌ နှစ်နှစ် ဆက်လက်တက်ရောက်၍ AIT တက္ကသိုလ်မှ ဘွဲ့အပ်နှင်းရေး၊ Master ဘွဲ့အတွက် မြန်မာနိုင်ငံနည်းပညာတက္ကသိုလ် (ရတနာပုံဆိုင်ဘာစီးတီး)တွင် ပူးတွဲ သင်ကြား၍ AIT မှ ဘွဲ့အပ်နှင်းနိုင်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပြီး ၂၀၁၁ ခုနှစ် ဇန်နဝါရီလအတွင်း ကျွမ်းကျင်သူများနှင့် တွေ့ဆုံ၍ အသေးစိတ် ထပ်မံဆွေးနွေးကြမည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေး (၉၂) လမ်းနေ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးဝင်း (တက္ကသိုလ်စိုးယဉ်)- စာရေးဆရာမ မလေးယဉ်မိသားစုက တက္ကသိုလ်စိုးယဉ် (၇၀)ပြည့်နှစ် မွေးနေ့အထိမ်းအမှတ်အဖြစ် ထာဝရဆွမ်းပဒေသာပင်အတွက် ငွေကျပ် တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ရှိန်(ငြိမ်း) ထံပေးအပ်လှူဒါန်းစဉ်။

(ကြေးမုံ)

နိုင်ငံတကာ လေကြောင်းလိုင်းများ၌ ဝင်ရောက်လုပ်ကိုင်နိုင်မည့် သင်တန်း အပတ်စဉ်သစ်ဖွင့်လှစ်မည်

STAR RESOURCES

ရန်ကုန် ဒီဇင်ဘာ ၃

နိုင်ငံတကာ လေကြောင်းလိုင်းများတွင် Flight Attendant တစ်ယောက်အဖြစ် ဝင်ရောက် လုပ်ကိုင်လိုသူများနှင့် နိုင်ငံတကာ Hotel များ၊ သင်္ဘောလိုင်းများတွင် Receptionist တစ်ယောက်အဖြစ် ဝင်ရောက် လုပ်ကိုင်လိုသူများအတွက် ရည်ရွယ်၍ Receptionist & Flight Attendant သင်တန်းအပတ်စဉ်(၂)ကို ဒီဇင်ဘာလ ဒုတိယပတ်အတွင်း Star Resources Hospitality Management Academy ၌ ဖွင့်လှစ်မည်ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ လေကြောင်းပို့ဆောင်ရေး အဖွဲ့အစည်းအသိအမှတ်ပြုသင်ရိုးညွှန်းတမ်းများ၊ Institute of Hospitality (UK)နှင့် Educational Institute of AH & LA (USA) မှ သတ်မှတ်ထားသော Course Guide Line များကို နိုင်ငံတကာအတွေ့အကြုံရှိ ဆရာ၊ ဆရာမများကိုယ်တိုင် တတ်မြောက်ကျွမ်းကျင်အောင် စနစ်တကျ သင်ကြားပေးမည်ဖြစ်သည်။

ထို့အပြင် IELTS Foundation Course နှင့် Intensive Course ကိုလည်း Star Resources Hospitality Management Academy တွင် ဒီဇင်ဘာလ ဒုတိယပတ်အတွင်း ဖွင့်လှစ် သင်ကြားပေးမည် ဖြစ်သည်။

သင်တန်းကာလမှာ သုံးလကြာမြင့်မည်ဖြစ်ပြီး စိတ်ပါဝင်စားသူများအနေဖြင့် Star Resources Hospitality Management Academy တိုက် (၂၆၇) အခန်း (၃၀၂) ပြည်လမ်း မြေနီကုန်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၂၃၆၂၃၊၅၂၃၂၀၀၊ ၄၄၁၂၂၅၆နှင့် ၀၉-၅၀၂၀၃၀၂ တို့သို့ စုံစမ်းဆက်သွယ် စာရင်းပေးနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

တောင်ကုတ်မြို့နယ်အသင်း (ရန်ကုန်) အသင်းတိုက် ဝယ်ယူဆောက်လုပ်ရန်အတွက် အမှတ် (၂၀၈/က) မင်းရဲကျော်စွာ(၄) လမ်း (၇) ရပ်ကွက် တောင်ဥက္ကလာပမြို့နယ်နေ ဦးလှထွန်း-ဒေါ်သိန်းရီ (ငွေအိုး အထူးချုပ်ဖိနပ်လုပ်ငန်း) မိသားစုက ငွေကျပ်ငါးသိန်း ပေးအပ်လှူဒါန်းရာ နာယက ဦးစံတင်၊ ဥက္ကဋ္ဌ ဦးထွန်းသိန်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးအောင်သာထွန်းတို့ လက်ခံယူစဉ်။ (ကြေးမုံ)

တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ဇော တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ဝူရှူးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား တက်ရောက်

နေပြည်တော် ဒီဇင်ဘာ ၃

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ဇောသည် နိုဝင်ဘာ ၂၄ ရက်တွင် တိုင်းစစ်ဌာနချုပ် အားကစားရုံ၌ ကျင်းပသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ဝူရှူးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားပြီး အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ် မျိုးဆက်သစ်လူငယ်များနှင့် နိုင်ငံကိုယ်စားပြု ဝူရှူးအားကစားသမားများ၏ အခြေခံ ဝူရှူးသရုပ်ပြကစားကွက်များဖြင့် သရုပ်ပြကစားမှုကို ကြည့်ရှုအားပေးသည်။

တိုင်းမှူးသည် နိုဝင်ဘာ ၂၈ ရက်တွင် တိုင်းစစ်ဌာနချုပ် အားကစားရုံ၌ ကျင်းပသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ဝူရှူးပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားသို့ တက်ရောက်၍ အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ဆုချီးမြှင့်ခြင်း အခမ်းအနားကိုကျင်းပရာ ပြိုင်ပွဲအမျိုးအစားအလိုက် ဆုရရှိကြသော အသင်းများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တိုင်းမှူးက ပြိုင်ပွဲတွင် အသင်းလိုက်တတိယ၊ ဒုတိယဆု ရရှိကြသော ပြိုင်ပွဲဝင်အသင်းများအား အသင်းလိုက်တံခွန်စိုက်ဒိုင်းဆုနှင့် ဂုဏ်ပြုဆုငွေများကိုလည်းကောင်း၊ ပထမတံခွန်စိုက်ဒိုင်းဆုရရှိသော အသင်းအား ပထမတံခွန်စိုက်ဒိုင်းဆု၊ ဆင့်ပွားဒိုင်းဆုနှင့် ဂုဏ်ပြုဆုငွေများကို လည်းကောင်း ပေးအပ်ချီးမြှင့်ပြီး မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်မှ အမှတ်ပေးဒိုင်အဖွဲ့အား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တိုင်းမှူးသည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးတင်နိုင်သိန်းနှင့်အတူ လားရှိုးမြို့ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၏ လားရှိုးလက်ကားကုန်စည်ဒိုင်၌ ကုန်စည်ဒိုင်အလုပ်အမှုဆောင်များ၊ ကုန်သည်လုပ်ငန်းရှင်များ၊ သစ်သီးဝလံနှင့် ပန်းမန်ထုတ်လုပ်ရောင်းချသူများ၊ ဒေသခံတောင်သူများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ တိုင်းမှူးနှင့် ဝန်ကြီးတို့က အမှာစကားပြောကြားကြသည်။

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ဇော တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ဝူရှူးပြိုင်ပွဲတွင် ပထမတံခွန်စိုက်ဒိုင်းဆုရ အသင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့် တာဝန်ရှိသူများသည် လားရှိုးလက်ကားကုန်စည်ဒိုင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၃

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ ၂၀၁၀ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ခရိုင် ဒက္ခိဏသီရိမြို့ ရန်အောင်မြင်ဘုရားလမ်းရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း(ဗဟို) အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဒေါက်တာမြဦးနှင့် ဒေါက်တာပိုင်စိုး၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နီလာသော်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ဝေဝေသာနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ဗဟိုကောင်စီဝင်များ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ နာယကကြီးများနှင့် ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်သက်သက်ဇင်၊ မြန်မာနိုင်ငံကြက်ခြေနီ အသင်းဥက္ကဋ္ဌ ဒေါက်တာသာလှရွှေ၊ အမျိုးသားခုခံကျ ကာလသားရောဂါ တိုက်ဖျက်ရေးစီမံချက် မန်နေဂျာနှင့် တာဝန်ရှိသူများ၊ နေပြည်တော်ခရိုင်နှင့် မြို့နယ်များမှ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ ၂၀၁၀ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က အဖွင့်အမှာစကားပြောကြားရာ၌ ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ကျင်းပခဲ့ရာ ယခုအခါ ၂၃နှစ် ရှိလာပြီဖြစ်ကြောင်း၊ ခုခံအားကျဆင်းမှုကူးစက်ရောဂါကာကွယ်တိုက်ဖျက်ရေး၊ ကုသရေးနှင့် ပြုစုစောင့်ရှောက်ရေးလုပ်ငန်းများတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အိပ်ချ်အိုင်ဗွီပိုး ကူးစက်ခံရသူများ အပါအဝင် ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းပါဝင်ဆောင်ရွက်ကြစေရန် ဆိုသည့် ရည်ရွယ်ချက်ဖြင့် ကျင်းပခြင်း ဖြစ်ကြောင်း။

ယခုနှစ်ဆောင်ပုဒ်မှာ " Stop AIDS Keep the Promise" " Avoid Stigma and Discrimination: Towards Universal ACCESS" "အေအိုင်ဒီအက်စ်တိုက်ဖျက်ဖို့ ခွဲခြားမှုကို ရှောင်ကြဉ်လို့၊ ကာကွယ်ကုသစောင့်ရှောက်စို့" ဖြစ်ကြောင်း၊ ကမ္ဘာတစ်ဝန်းလုံးတွင် ကပ်ရောဂါအသွင် ကူးစက်ပျံ့နှံ့ခဲ့သော ခုခံအားကျဆင်းမှု ကူးစက်ရောဂါကို မိမိတို့ နိုင်ငံအသီးသီးတွင်ရှိသည့် ကျန်းမာရေးဝန်ကြီးဌာနနှင့်အတူ နီးနွှယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အနုပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အိပ်ချ်အိုင်ဗွီပိုး ကူးစက်ခံရသူများ၊ မိသားစုများ အပါအဝင် ပြည်သူလူထုတစ်ရပ်လုံးက ထက်သန်သည့်ဆန္ဒများ၊ နိုးကြားတက်ကြွသည့် စိတ်ဓာတ်များဖြင့် ထိရောက်စွာ တွန်းလှန်တိုက်ဖျက်ကြရန်ဖြစ်ကြောင်း၊ သို့ဖြစ်ပါ၍ ကျန်းမာရေးဝန်ကြီးဌာန အေအိုင်ဒီအက်စ်ရောဂါ ကာကွယ်တိုက်ဖျက်ရေး၊ ကုသရေးနှင့် ပြုစုစောင့်ရှောက်ရေးလုပ်ငန်းများကို ပြည်တွင်းအင်အားစုများဖြစ်သော မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ဆရာဝန်အသင်းစသည့် ပြည်တွင်းလူမှုရေးအဖွဲ့အစည်း (National NGOs) ၁၁ ဖွဲ့နှင့်သာမက နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်း ခုနစ်ဖွဲ့၊ အပြည်ပြည်ဆိုင်ရာ လူမှုရေးအဖွဲ့အစည်း (International NGOs) ၂၁ ဖွဲ့ စသည့် အဖွဲ့အစည်းအားလုံးနှင့် ပူးပေါင်းပြီး အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ပြည်သူလူထုအခြေပြု အိမ်တိုင်ရာရောက် ပြုစုကုသခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ အိပ်ချ်အိုင်ဗွီပိုးကူးစက်ရန် အန္တရာယ်နည်းသည့် လူအုပ်စုများဖြစ်သော အိမ်ထောင်ရှင် အမျိုးသမီးများတွင် ကူးစက်မှုပိုမိုများလာသည်ကို ကမ္ဘာတစ်ဝန်းလုံးတွင် တွေ့ရှိလာရပြီး မြန်မာနိုင်ငံတွင်လည်း အလားတူပင် ဖြစ်ကြောင်း၊ သို့ဖြစ်ပါ၍ အမျိုးသမီးများအတွက် အိပ်ချ်အိုင်ဗွီပိုး ကူးစက်မှုမှ ကာကွယ်ရေးနှင့် ရောဂါပိုးရှိသူများအား ပြုစုစောင့်ရှောက်ရေးအတွက် ပြည်တွင်းလူမှုရေးအသင်းအဖွဲ့များဖြစ်သည့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားအသင်းတို့နှင့် လည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် လည်းကောင်း ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

ထို့အပြင် အမျိုးသမီးများ၏ လူနေမှုဘဝ တိုးတက်မြင့်မားလာစေရန်အတွက်လည်း အသက်မွေးဝမ်းကျောင်းပညာများ သင်ကြားပေးပြီး ဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ကူညီပံ့ပိုးလျက်ရှိကြောင်း၊အမျိုးသမီးများဘဝကို ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးအဆင့်အတန်းများ မြင့်မားတိုးတက်လာစေရန် နည်းအမျိုးမျိုးဖြင့် ဆောင်ရွက်ပေးမှုများ၊ လူမှောင်ခိုကူးခံရခြင်းမှ ကာကွယ်ပေးမှုများ၊ လူမှောင်ခိုကုန်ကူးခံရသူ အမျိုးသမီးများအား အဘက်ဘက်မှ ကူညီစောင့်ရှောက်ကာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်မှာလည်း တစ်ဖက်တစ်လမ်းက အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ် ရောဂါကာကွယ်စောင့်ရှောက်ရေးကို ကူညီပံ့ပိုးပေးရာရောက်ကြောင်း စသည်ဖြင့် အကျယ်တဝင့် ပြောကြားသည်။

အခမ်းအနားအပြီးတွင် ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များသည် ခန်းမအတွင်း ပြသထားသော ၂၀၁၀ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပြခန်းရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းကြီး၏ လှုပ်ရှားမှု၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့များ၏ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ဆက်လက်၍ ဒုတိယပိုင်းအစီအစဉ်အဖြစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ ရက်သတ္တပတ် လှုပ်ရှားမှုဟောပြောပွဲကို ကျင်းပရာ သဘာပတိ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နီလာသော်က အမှာစကားပြောကြားပြီး ကျန်းမာရေးဦးစီးဌာန ခုခံကျကာလသားရောဂါတိုက်ဖျက်ရေးစီမံချက် ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ ဒေါ်ခင်ဥမ္မာစံက "AIDS တိုက်ဖျက်ဖို့ ခွဲခြားမှုကို ရှောင်ကြဉ်လို့၊ ကာကွယ်ကုသစောင့်ရှောက်စို့" ဆောင်ပုဒ်နှင့်စပ်လျဉ်း၍ ပညာပေး ဟောပြောသည်။

ယင်းနောက် ဟောပြောပွဲတက်ရောက်လာကြသော ကိုယ်ဝန်ဆောင်မိခင်များအား အနှီးပိတ်များ၊ တစ်ခါသုံး ပိုးကင်းစင်သောမီးဖွားပစ္စည်းများ၊ ကျန်းမာရေးပညာပေး လက်ကမ်းစာစောင်များကို မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များက ပေးအပ်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၄-၁၂-၂၀၁၀ (စနေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၁၅ ၂။ အောင်တော်မူ(စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
- ၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၄။ နံနက်ခင်းသတင်း
- ၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈း၀၅ ၇။ အကပြိုင်ပွဲ
- ၈း၁၅ ၈။ ကဗျာပန်းဥယျာဉ်
- ၈း၃၀ ၉။ "ဇိဝိတဒါနသွေးလှူကြစို့"
- ၈း၄၀ ၁၀။ International News
- ၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁း၂၅ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၁း၅၀ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁၂း၀၀ ၅။ Yan Can Cook
- ၁၂း၂၀ ၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မပြယ်သောချစ်ခြင်း မန္တမ်းသောမေတ္တာ" (အပိုင်း-၆၅)**
- ၁း၂၀ ၇။ "မဟော်သဓာ" (အပိုင်း-၁၀) (အားသစ်၊ ပိစိ၊ မင်းသစ်၊ မင်းဇော်)(ဒါရိုက်တာ-စန္ဒရားသန်းဇော်)
- ၁း၅၀ ၈။ ရောင်စုံရေးသီတေးပန်းချီ
- ၂း၀၅ ၉။ "နိုင်ငံတကာအဆင့်မီ ဥတ္တရသီရိဆေးရုံသစ်ဆီသို့"
- ၂း၂၅ ၁၀။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၂း၃၀ ၁၁။ အတီးပြိုင်ပွဲ
- ၂း၅၀ ၁၂။ International News
- ၃း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ အဆိုပြိုင်ပွဲ
- ၄း၂၅ ၃။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၄း၃၅ ၄။ တေးဂီတအစီအစဉ်
- ၄း၅၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ် (ရုက္ခဗေဒထူးပြု) (ရုက္ခဗေဒ)
- ၅း၀၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၁၅ ၇။ သဘာဝပတ်ဝန်းကျင်နှင့် ကြွပ်ကြွပ်အိတ်
- ၅း၃၀ ၈။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၆း၀၀ ၉။ ညနေခင်းသတင်း
- ၆း၁၅ ၁၀။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၁။ အလှရှာမယ်၊ အလှကမ္ဘာဝယ်
- ၆း၃၅ ၁၂။ ယဉ်တစ်ကိုယ်မယ်
- ၇း၀၀ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "စမ်းရေပမာ" (အပိုင်း-၂)**
- ၈း၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ **ကာတွန်းအစီအစဉ် "တောကောင်ငယ် သိုင်းညီနောင်လေးများ" (အပိုင်း-၇၉)**
- ၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ဘဝမိုးတိမ်" (အပိုင်း-၁၅)**
- ၁၉။ ဂီတတံခါးလေးဖွင့်ပါဦး
- ၂၀။ အစီအစဉ်ပြီး၏။

တောင်ငူ အထက(၁) အာစရိယပူဇော်ပွဲကျင်းပမည်

တောင်ငူ ဒီဇင်ဘာ ၃

တောင်ငူမြို့ အထက(၁) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အသက်(၆၀) ပြည့် အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးတို့အား (၁၈)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် လစဉ်ဆောင်ရွက်နေသော ဆရာကြီး၊ ဆရာမကြီးများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း နှစ်ပတ်လည် အခမ်းအနားကို ဒီဇင်ဘာ ၂၅ ရက် နံနက် ၉ နာရီတွင် ယင်းကျောင်း၌ ကျင်းပမည်ဖြစ်ရာ အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းလိုသူများသည် ဦးတင်ဝင်း ဖုန်း-၀၉-၄၉၄၃၀၇၇၈၊ ဦးမောင်မြ ဖုန်း-၀၉-၅၃၅၁၀၇၇၊ ဦးဇော်ဝင်းထွန်း ဖုန်း-၀၉-၅၃၅၁၄၃၈၊ ဦးတင်မောင်မောင် ဖုန်း-၀၉-၅၁၄၈၃၁၁၊ ဦးထွန်းသူရိန် ဖုန်း-၀၉-၅၃၅၁၃၂၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၁၂၉)

အစ္စရေးတောမီးလောင်ကျွမ်းမှု သေဆုံးသူ ၄၁ ဦးအထိ မြင့်တက်လာ

ဟိုင်ဖာ ဒီဇင်ဘာ ၃

အစ္စရေးနိုင်ငံ ဟိုင်ဖာမြို့ ဝန်းကျင်ဒေသများတွင် တောမီးလောင်ကျွမ်းလျက်ရှိရာ အစ္စရေးမီးသတ်တပ်ဖွဲ့ဝင်များနှင့် ကယ်ဆယ်ရေးဝန်ထမ်းများသည် ယင်းတောမီးကို ထိန်းချုပ်နိုင်ရန် ကြိုးပမ်းနေရကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။

တောမီးလောင်ကျွမ်းမှုကြောင့် သေဆုံးသူ ၄၁ ဦးအထိ ရှိခဲ့ပြီဖြစ်ကြောင်း အစ္စရေးရဲတပ်ဖွဲ့ ဆေးဘက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ကယ်ဆယ်ရေးဝန်ထမ်းများက အတည်ပြုပြောကြားသည်။ သေဆုံးသူအရေအတွက် ထပ်မံမြင့်တက်လာဖွယ်ရာ ရှိကြောင်း ၎င်းတို့က သတိပေးပြောကြားသည်။

လေတိုက်နှုန်းမြင့်မားနေသည်နှင့်အမျှ တောမီးလောင်ကျွမ်းမှုသည် ဟိုင်ဖာဆိပ်ကမ်းမြို့အနီးသို့ ကူးစက်လာကြောင်း သတင်းများတွင် ဖော်ပြသည်။

တောမီးလောင်ကျွမ်းမှုကြောင့် မြေဧက ၁၀၀၀၀ ကျော် မီးလောင်ပြင်ဖြစ်ခဲ့ရပြီး လူပေါင်း ၁၅၀၀၀ ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း အစ္စရေးရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားသည်။

သေဆုံးသူအများစုသည် တောမီးလောင်ကျွမ်းရာ တောအုပ်အတွင်းရှိ အကျဉ်းထောင်တစ်ခုမှ အကျဉ်းသားများကို နေရာရွှေ့ပြောင်းပေးရန်ကြိုးစားရင်း ဘတ်စ်ကားတစ်စီးပေါ်၌ ပိတ်မိခဲ့သော အကျဉ်းထောင်လုံခြုံရေးဝန်ထမ်းများဖြစ်ကြောင်း အစ္စရေးရဲတပ်ဖွဲ့နှင့် ကယ်ဆယ်ရေးဝန်ထမ်းများက အတည်ပြုသည်။

အစ္စရေးနိုင်ငံ ဟိုင်ဖာမြို့အနီး လောင်ကျွမ်းနေသော တောမီးကို ဒီဇင်ဘာ ၂ ရက်က တွေ့ရစဉ်။

တောမီးလောင်ကျွမ်းမှုကို ထိန်းချုပ်ရန် ဒုတိယမြောက်နေ့အဖြစ် ကြိုးပမ်းနေသော အစ္စရေးနိုင်ငံကို ကူညီရန် ဥရောပတိုက်တစ်လွှားမှ မီးသတ်သမားများနှင့် မီးငြိမ်းသတ်ရေးဆိုင်ရာ ယာဉ်ယန္တရားများလည်း လာရောက်နေကြကြောင်း သိရသည်။

အဆိုပါ တောမီးလောင်ကျွမ်းမှုသည် အစ္စရေးနိုင်ငံ၏ သမိုင်းတွင် အဆိုးရွားဆုံးတောမီးလောင်ကျွမ်းမှုဖြစ်သည်။

အေအက်ဖ်ပီ။

ယန်းငွေတန်ဖိုးမြင့်မားမှုကြောင့် ဂျပန်မြို့ကြီးများ လူနေမှုစရိတ် ပိုမိုမြင့်မားလာ

စင်ကာပူ ဒီဇင်ဘာ ၂

ယန်းငွေတန်ဖိုး ပိုမိုခိုင်မာလာခြင်းကြောင့် ဂျပန်မြို့ကြီးများသည် ရွှေ့ပြောင်းနေထိုင်သူများအတွက် လူနေမှုစရိတ် ပိုမိုကြီးမြင့်လာပြီး ယင်းမြို့ကြီးများနှင့် အခြားအာရှမြို့ကြီးများ အကြား လူနေမှုစရိတ်ကွာဟချက်သည် ပိုမိုကျယ်ဝန်းလာကြောင်း တစ်ကမ္ဘာလုံးဆိုင်ရာ စစ်တမ်းတစ်စောင်က ယနေ့ ဖော်ပြသည်။

ကမ္ဘာပေါ်တွင် လူနေမှုစရိတ် အမြင့်မားဆုံးမြို့ကြီး ငါးမြို့စာရင်းတွင် ဂျပန်နိုင်ငံ၏ မြို့ကြီးများဖြစ်သည့် တိုကျို၊ နာဂိုယာ၊ ယိုကိုဟားမားနှင့် ကိုဘေးမြို့များပါဝင်နေကြောင်း စစ်တမ်းတွင် ဖော်ပြထားသည်။

ယန်းငွေတန်ဖိုး ခိုင်မာလာသည်နှင့်အမျှ ဂျပန်မြို့ကြီးများသည် လူနေမှုစရိတ်အကြီးမြင့်ဆုံး ကမ္ဘာ့မြို့ကြီးများစာရင်းတွင် ထိပ်ဆုံးက ရပ်တည်လာကြောင်း စစ်တမ်း၏အဆိုအရ သိရသည်။

အာရှတိုက်နှင့် တစ်ကမ္ဘာလုံးအတိုင်းအတာအရ တိုကျိုမြို့သည် လူနေမှုစရိတ်အမြင့်မားဆုံးမြို့အဖြစ် ရပ်တည်နေသည်ဟု ဆိုသည်။

ပြည်တွင်းစစ်ဒဏ်ကိုခံခဲ့ရသော အင်ဂိုလာနိုင်ငံ၏ မြို့တော် လူယန်ဒါသည် ဒုတိယမြောက် ကမ္ဘာ့လူနေမှုစရိတ် အကြီးမြင့်ဆုံးမြို့တော်ဖြစ်ကြောင်း စစ်တမ်းတွင်ဖော်ပြထားသည်။ လူယန်ဒါမြို့တော် လူနေမှုစရိတ်ကြီးမြင့်ရခြင်းသည် ယင်းမြို့၌ နေထိုင်သူများအဖို့ ပြည်ပသွင်းကုန်များအပေါ်တွင် အဓိကမှီခိုနေရခြင်းကြောင့်ဟု ဆိုသည်။

ဂျပန်မြို့ကြီးများနှင့်အတူ ကမ္ဘာ့လူနေမှုစရိတ် အကြီးမြင့်ဆုံးမြို့ကြီး ၁၀မြို့စာရင်းတွင် အော့စလို(နော်ဝေ)၊ ဇူးရစ် (ဆွစ်ဇာလန်)၊ ဂျီနီဗာ(ဆွစ်ဇာလန်)နှင့် စတာဗင်ဂျာ(နော်ဝေ)တို့လည်း ပါဝင်သည်။ **အင်တာနက်။**

ကမ္ဘာ့အပူချိန်မှတ်တမ်းများအရ ၂၀၁၀ ခုနှစ်သည် အပူဆုံးနှစ်ဖြစ်

လန်ဒန် ဒီဇင်ဘာ ၃ - ၂၀၁၀ခုနှစ်အတွင်း ကမ္ဘာ့ဒေသအတော်များများ၌ အပူချိန်သည် စံချိန်တင်မြင့်တက်ခဲ့ကြောင်း ကမ္ဘာ့မိုးလေဝသနှင့် ဇလဗေဒအဖွဲ့ချုပ် (ဒဗလျူအမ်အို)က ဒီဇင်ဘာ ၂ရက်တွင်ပြောကြားသည်။

ကမ္ဘာ့အပူချိန်မှတ်တမ်းများအရ ၂၀၁၀ ခုနှစ်သည် အပူချိန်အမြင့်မားဆုံးနှစ်တစ်နှစ်အဖြစ် မှတ်တမ်းတင်နိုင်ဖွယ်ရာ ရှိကြောင်း ယင်းအဖွဲ့က အတည်ပြုပြောကြားသည်။

ကမ္ဘာ့အပူချိန်မှတ်တမ်းများအရ ၂၀၁၀ ခုနှစ်ကို အပူအနွေးဆုံးနှစ်အဖြစ် စာရင်းသွင်းနိုင်ဖွယ်ရှိပြီး ၂၀၁၁ ခုနှစ်ကို လာနီညာ ရာသီဥတုအခြေအနေကြောင့် ပိုမိုအေးလာမည့်နှစ်အဖြစ် ဗြိတိန်မိုးလေဝသအဖွဲ့က ခန့်မှန်းထားသည်။

ကမ္ဘာ့အပူချိန်ကို လေ့လာဆန်းစစ်လျက်ရှိသော အမေရိကန်ပညာရှင်နှစ်ဦး၏အဆိုအရ ၂၀၁၀ ခုနှစ်သည် ၁၈၅၀ ခုနှစ်မှစ၍ ယနေ့အထိ အပူချိန်မှတ်တမ်းများအရ အပူဆုံးနှစ်တစ်နှစ်အဖြစ် သတ်မှတ်နိုင်ကြောင်းသိရသည်။

လက်ရှိ တစ်ကမ္ဘာလုံးဆိုင်ရာ ပျမ်းမျှအပူချိန်သည် အမေရိကန်အမျိုးသားလေကြောင်းနှင့် အာကာသအေဂျင်စီ (နာဆာ) က တိုင်းတာခဲ့သော ၁၉၆၁-၉၀ခုနှစ်များ၏ ပျမ်းမျှအပူချိန်ထက် သုည ဒသမ ၅၈ ဒီဂရီစင်တီဂရိတ် ပိုမိုမြင့်တက်လာကြောင်း သိရသည်။

ကမ္ဘာ့ဒေသအတော်များများတွင် ဖြစ်ပွားလျက်ရှိသော ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အစွန်းရောက်ဖြစ်စဉ်များသည် လူသားများ၏ ပယောဂမကင်းသည်ကို အငြင်းပွားဖွယ်မလိုကြောင်း ကမ္ဘာ့မိုးလေဝသနှင့် ဇလဗေဒအဖွဲ့ချုပ်(ဒဗလျူအမ်အို)က ထောက်ပြထားသည်။ **အင်တာနက်။**

ကန်ဒုတိယသမ္မတဟောင်း ခြစားမှုဖြင့် တရားစွဲခံရဖွယ်ရှိ

လာဂို့စ် ဒီဇင်ဘာ ၃

ဟယ်လီဘာတန် ရေနံကုမ္ပဏီတွင် အကြီးအကဲတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်စဉ်အတွင်း နာမည်ပျက်ဖွယ် လာဘ်ပေးလာဘ်ယူမှုများတွင် ပါဝင်ပတ်သက်မှုဖြင့် အမေရိကန်ဒုတိယသမ္မတဟောင်း ဒစ်ချေနေကို တရားစွဲဆိုမည်ဖြစ်ကြောင်း နိုင်ဂျီးရီးယားတာဝန်ရှိသူများက ဒီဇင်ဘာ ၂ ရက်တွင် ပြောကြားသည်။

ဟယ်လီဘာတန်ကုမ္ပဏီ၏ တာဝန်ရှိသူများက လာဘ်ပေးလာဘ်ယူမှုတွင် ပါဝင်ပတ်သက်မှုမရှိကြောင်း လျှောက်လဲချက်ပေးခဲ့သော်လည်း ယင်းကုမ္ပဏီမှ ထိပ်တန်းတာဝန်ရှိသူများနှင့် အခြားဝန်ထမ်းများကို နိုင်ဂျီးရီးယားအာဏာပိုင်များက စစ်ဆေးမေးမြန်းရန် ဆင့်ခေါ်ခဲ့သည်။

ယူဆရဖွယ်

နိုင်ဂျီးရီးယားအာဏာပိုင်များသည် ပြီးခဲ့သည့် သီတင်းပတ်က ဟယ်လီဘာတန်ကုမ္ပဏီ အဆောက်အအုံကို ဝင်ရောက်စီးနင်းခဲ့ရာ အမေရိကန်ဒေါ်လာ ၆ ဘီလီယံ တန်ဖိုးရှိ ဓာတ်ငွေ့ကန်ထရိုက်စာချုပ်တစ်ရပ် ရရှိရေးအတွက် အမေရိကန် ဒေါ်လာသန်း ၁၈၀ ကို နိုင်ဂျီးရီးယား အာဏာပိုင်များသို့ အပြန်အလှန်အားဖြင့် ပေးကမ်းခဲ့ကြောင်း ယူဆရဖွယ် အထောက်အထားများ တွေ့ရှိခဲ့သည်။

ဟယ်လီဘာတန်ကုမ္ပဏီ၏ လက်ရှိတာဝန်ထမ်းဆောင်ဆဲအမှုဆောင်အရာရှိတစ်ဦးအနေဖြင့် ဒစ်ချေနေသည် ၎င်းတာဝန်ထမ်းဆောင်ခဲ့စဉ် အဖြစ်အပျက်များအတွက် တာဝန်ရှိကြောင်း နိုင်ဂျီးရီးယား တရားသူကြီး ဂိုဒွင်အော့ဘ်လာက ပြောကြားသည်။

သို့ရာတွင် ဒစ်ချေနေ၏ ရှေ့နေကမူ နိုင်ဂျီးရီးယားနိုင်ငံ၏ စွဲချက်များကို ငြင်းပယ်ခဲ့ပြီး နှစ်နှင့်ချီ၍ ကြာမြင့်ခဲ့ပြီးမှ ယခုကဲ့သို့ စွပ်စွဲမှုများသည် အခြေအမြစ်မရှိကြောင်း ပြောကြားသည်။

အမေရိကန် ဒုတိယသမ္မတဟောင်း ဒစ်ချေနေသည် အမေရိကန်သမ္မတ ဂျော့ဂျ်ဒဗလျူဘုရှ်၏ အကြမ်းဖက်မှုတိုက်ဖျက်ရေးစစ်ပွဲကို ထောက်ခံခဲ့သူဖြစ်ပြီး နှလုံးရောဂါကို ကာလကြာရှည်စွာ ခံစားနေရသူလည်းဖြစ်သည်။

အေပီ။

အအေးဒဏ်ကြောင့် ပိုလန်နိုင်ငံသား ၃၀ သေဆုံး

ဝါဆော ဒီဇင်ဘာ ၃

ဥရောပတစ်လွှားတွင် အအေးဒဏ်ကျရောက်လျက်ရှိရာ လူအသေအပျောက်များ ဖြစ်ပွားလျက်ရှိသည်။

အအေးဒဏ်ကျရောက်မှုကြောင့် ပိုလန်နိုင်ငံတွင် အပူချိန်သည် အနုတ် ၁၅ ဒီဂရီ ဆဲလ်စီးယပ်စ်အထိ ကျဆင်းခဲ့ရာ သေဆုံးသူ ၃၀ ရှိခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

သေဆုံးသူအများစုသည် အရက်သေစာ သောက်စားသူများနှင့် အိုးအိမ်မဲ့များဖြစ်သည်။ အအေးဒဏ်ကြောင့် သေဆုံးမှုများကို ကာကွယ်နိုင်ရန် ပိုလန်ရဲတပ်ဖွဲ့သည် နိုင်ငံအဝန်းလမ်းများ၌ ကင်းလှည့်စောင့်ရှောက်မှုများကို ဒီဇင်ဘာ ၃ ရက်က လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ဘော်လ်ကန်ဒေသနိုင်ငံ သုံးနိုင်ငံဖြစ်သော ဘော့စနီးယား၊ ဆာဘီးယားနှင့် မွန်တီနီဂရိုးနိုင်ငံများတွင် သဘာဝဘေးအန္တရာယ်ကျရောက်မှုအခြေအနေကို အာဏာပိုင်များက ကြေညာခဲ့သည်။

အေပီ။

ပြင်သစ်နိုင်ငံတောင်ပိုင်း ကားရပ်နားကွင်းတစ်နေရာ၌ နှင်းခဲများ ဖယ်ရှားနေသော ယာဉ်မောင်းတစ်ဦးကိုတွေ့ရစဉ်။

အကြမ်းဖက်သမားဟု ယူဆရသူ ၃၉ ဦးကို သေဒဏ်အပြစ်ပေးရန် အီရတ်ပြည်ထဲရေးဝန်ကြီးတောင်းဆို

ဘဂ္ဂဒက် ဒီဇင်ဘာ ၃ - အယ်လ်ခိုင်ဒါအကြမ်းဖက်ကွန်ရက်နှင့် ဆက်စပ်ကြောင်း ယူဆရသည့် ၃၉ ဦးပါ အဖွဲ့ကို သေဒဏ်အပြစ်ပေးရန် အီရတ်ပြည်ထဲရေးဝန်ကြီးက ဒီဇင်ဘာ ၂ ရက်က တောင်းဆိုခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

အဆိုပါ ၃၉ ဦးတို့ကို ဘဂ္ဂဒက်မြို့တော်၌ ဗုံးခွဲတိုက်ခိုက်မှုများ လုပ်ဆောင်ရန် ကြံစည်ခဲ့ကြောင်း စွဲချက်ဖြင့် တရားစွဲဆိုမည်ဖြစ်သည်။

သံသယတရားခံများ၏ ဝန်ခံထွက်ဆိုချက်များ၊ ၎င်းတို့၏ နေအိမ်၌ ရှာဖွေတွေ့ရှိခဲ့သော အချက်အလက် စာရွက်စာတမ်းများနှင့် ရုပ်သံမှတ်တမ်းများကို အခြေပြု၍ ၎င်းတို့၌ ပြစ်မှုထင်ရှားကြောင်း ဖော်ထုတ်နိုင်မည်ဟု အီရတ်ပြည်ထဲရေးဝန်ကြီး ဂျာဝပ်အယ်လ်-ဘိုလာနီက သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ပြောကြားသည်။

စွဲချက်အတင်ခံထားရသူ ၃၉ ဦးတို့သည် အီရတ်နိုင်ငံ အနောက်ပိုင်း အန်ဘာပြည်နယ်အခြေစိုက် အယ်လ်ခိုင်ဒါ အုပ်စုခွဲတစ်ခုဖြစ်သော အီရတ်အစ္စလာမ့်စ် နိုင်ငံတော်ဟူသည့် အဖွဲ့မှ အဖွဲ့ဝင်များဖြစ်ကြောင်း အီရတ်ပြည်ထဲရေးဝန်ကြီးက ထုတ်ဖော်ပြောကြားသည်။ သို့ရာတွင် ၎င်းတို့မည်သည့်အချိန်က အဖမ်းခံရသည်ကို ပြောကြားခြင်းမရှိပေ။

အကြမ်းဖက်သမားများနှင့် ရာဇဝတ်မှုများကို တားဆီးရန်အတွက် ၎င်းတို့ကို မနှေးအမြန် သေဒဏ်အပြစ်ပေးရန် လိုအပ်ကြောင်း ဂျာဝပ်အယ်လ်-ဘိုလာနီက ပြောကြားသည်။ **အေပီ။**

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့် ၂၀၁၀ ခုနှစ် စတုတ္ထအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

၂၀၁၀ ခုနှစ် စတုတ္ထအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲ အားကစားဝန်ကြီးဌာန ဝန်ကြီး တက်ရောက်ဖွင့်လှစ်

နေပြည်တော် ဒီဇင်ဘာ ၃

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်သည် ယနေ့ညနေ ၃ နာရီတွင် နေပြည်တော် ဘော်လီဘောအားကစားကွင်း၌ ကျင်းပသော ၂၀၁၀ ခုနှစ် စတုတ္ထအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားကာ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ ကျော်မြင့်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်းနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးခင်အောင်မြင့်၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဝန်ကြီးဌာနများမှ အရာထမ်း၊ အမှုထမ်းများနှင့် ဘော်လီဘောအားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ရှေးဦးစွာ ပြိုင်ပွဲဝင်အားကစားသမားများ ကွင်းအတွင်းဝင်ရောက်နေရာယူကြပြီး ဝန်ကြီး သူရဦးအေးမြင့်က ပြိုင်ပွဲကျင်းပပေးရခြင်းနှင့် စပ်လျဉ်း၍ အမှာစကား ပြောကြားကာ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန် (၄)ချက် ရွတ်ဆိုကြပြီး ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာသွားကြသည်။

ထို့နောက်ပြိုင်ပွဲ၏ ပထမနေ့ပွဲစဉ်အဖြစ် အမှတ်(၂)စက်မှုဝန်ကြီးဌာန အသင်းနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အမှတ်(၂)စက်မှုဝန်ကြီးဌာန အသင်းက အနိုင်ရရှိသွားသည်။

အဆိုပါပြိုင်ပွဲသို့ ပြိုင်ပွဲဝင် ဝန်ကြီးဌာနအသင်းပေါင်း ၃၆ သင်း ဝင်ရောက်ယှဉ်ပြိုင်ကစားကြပြီး ယနေ့မှစ၍ ဒီဇင်ဘာ ၂၄ ရက်အထိ (တနင်္ဂနွေနေ့မှအပ) နေ့စဉ် နံနက်၊ ညနေ နှစ်ချိန် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဥပဒေကျောင်းသား၊ ကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၃

၁၉၆၉-၁၉၇၄ ရန်ကုန်တက္ကသိုလ် ဥပဒေဌာနတွင် ပညာသင်ကြားခဲ့သော B.A(Law) LL.B-7th Batch ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၁၈ ရက် နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။

အာစရိယပူဇော်ပွဲသို့ ကျောင်းသား၊ ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ဦးကျော်ပိုင် ဖုန်း-၀၉-၈၅၅၂၇၇၇၊ ဦးတင်ဝင်းအောင် ဖုန်း-၀၉-၉၉၂၇၁၀၄၊ ဦးကျော်စိုးဗို ဖုန်း-၀၉-၅၁၈၈၃၀၈၊ ဒေါ်မော်မော်အေး ဖုန်း-၀၉-၈၃၀၂၁၀၅၊ ဦးထွန်းရှိန် ဖုန်း-၀၉-၅၀၃၃၂၉၄ နှင့် ဦးရီဝင်း ဖုန်း-၀၉-၅၁၅၃၉၄၀ တို့သို့ ဆက်သွယ်မေးမြန်း လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က လမ်းလယ်မျဉ်းရေးဆွဲ ဆောင်ရွက်ထားရှိမှု အခြေအနေကို အမှုဆောင်အရာရှိ ဦးအောင်ငွေးကြွယ် ကွင်းဆင်းစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးရဲခေါင် ရှင်းလင်းတင်ပြစဉ်။
(မြို့နယ်စည်ပင်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၄-၁၂-၂၀၁၀(စနေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၇း၀၄ ၃။ နိုင်ငံတော်သီချင်း
၇း၀၅ ၄။ တရားတော်
၇း၂၀ ၅။ ဓမ္မပူဇာတေး
၇း၂၅ ၆။ မျိုးချစ်တပ်မတော်
၇း၃၀ ၇။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၄၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
၇း၅၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၃။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၄။ ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ မြဝတီအဖွင့်
၁၁း၀၅ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၁၁း၁၀ ၃။ နိုင်ငံတော်သီချင်း
၁၁း၂၀ ၄။ အဖွင့်သီချင်း
၁၁း၂၅ ၅။ မျိုးချစ်တပ်မတော်
၁၁း၃၀ ၆။ **ကာတွန်းအစီအစဉ် -ချစ်မိတ်ဆွေဗလကြီး (အပိုင်း-၉)**
၁၂း၀၀ ၇။ **ရုပ်မြင်သံကြားဇာတ်လမ်း -ချစ်ခြင်း၏အခြားတစ်ခြမ်း (ပြေတီဦး၊ နန္ဒာလှိုင်) [ဒါရိုက်တာ-ကိုဇော်(အရက်ဦး)]**
၁း၃၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
၂း၀၀ ၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်မျက်ရည်လေးပြယ်ပါစေ (အပိုင်း-၂၀)**
၂း၅၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၃း၀၀ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄း၁၀ ၃။ နိုင်ငံတော်သီချင်း
၄း၁၃ ၄။ အဖွင့်သီချင်း
၄း၁၅ ၅။ ချစ်သူစုံတွဲတူယှဉ်နွဲ့
၄း၄၀ ၆။ ကုန်သွယ်သုတ
၄း၅၅ ၇။ မျိုးချစ်တပ်မတော်
၅း၀၀ ၈။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၅း၂၀ ၉။ အမျိုးသားရေးတေးကဗျာ
၅း၄၅ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၅း၄၀ ၁၁။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
၆း၃၀ ၁၄။ စားဖိုဆောင်ချစ်သူ
၆း၅၀ ၁၅။ ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
၇း၀၀ ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဖြူစင်သောအားမာန် (အပိုင်း-၁၄)**
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ နိုင်ငံတကာသတင်း
၂၀။ မိုးလေဝသသတင်း
၂၁။ လူ့ရှင်တော်စတား
၂၂။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -သိုင်းသမားခုနစ်ဖော် (အပိုင်း-၂၂)**
၂၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အိမ်အပြန်လမ်း(အပိုင်း-၇)**
၂၅။ သင့်အတွက်မနက်ဖြန်
၂၆။ အပိတ်နှုတ်ဆက်စကား
၂၇။ ပြီးပါပြီ။

News Watch (စောင့်ကြည့်)သတင်းဂျာနယ် ထွက်ရှိ

ရန်ကုန် ဒီဇင်ဘာ ၃

ပါရမီ ၉ခ/----- အငှားယာဉ်များ ဈေးနှုန်းသတ်မှတ်ရောင်းချ၊ အင်းလျားကန်ပေါင်ရှိ ဈေးဆိုင်ခန်းများ ချိပ်ပိတ်တင်ဒါခေါ်ယူ၊ယာဉ်တိမ်းမှောက်မှုသတင်းဂျာနယ်အချို့တွင် မှားယွင်းဖော်ပြ၊ မိသားစုဝင်များ စိတ်ထိခိုက်၊ မန္တလေးဖုန်ထုတ်လျှပ်စစ်ကား စမ်းသပ်မောင်းနှင်မှုအောင်မြင်၊ စတီးသံပေါင်သုံး ပထမဆုံးဆင်မလိုက်အဆင့်မြင့်ဈေး တည်ဆောက်နေ၊ အင်တာနက်နှင့်တွဲ၍ အသုံးပြုနိုင်သည်ဟူသော သတင်းကြောင့် GSM ဖုန်း(ပြင်ပ) ဈေးအနည်းငယ်မြင့်၊ ပြည်တွင်းအလုပ်အကိုင် ရှာဖွေရေးအေဂျင်စီအချို့ သတ်မှတ်ကာလအတွင်း အလုပ်ရှာဖွေမပေးနိုင်၊ ရွှေတိဂုံစေတီတော်လုပ်ငန်း ၁၄ မျိုး ဈေးနှုန်းတင်သွင်းလွှာ ခေါ်ယူ၊ ဒီဇင်ဘာတွင် သောင်များစတင်တူးဖော်မည်၊ ဆန်တန်ချိန် သုံးသောင်းမှ ငါးသောင်းအထိ ပြည်ပတင်ပို့နိုင်ရန် လျာထား၊ အိန္ဒိယပြည်ဝင်ခွင့် မန္တလေးမြို့ အိန္ဒိယကောင်စစ်ဝန်ရုံးချုပ် အလွယ်တကူလျှောက်ထားနိုင်၊ နေပြည်တော်-ဘားအံ တော်ဝင်ယာဉ်လိုင်းသစ် ဒီဇင်ဘာဒုတိယပတ် စတင်ပြေးဆွဲမည်၊ ပြည်ပအလုပ်အကိုင်ဈေးကွက် စင်ကာပူနှင့် အရှေ့အလယ်ပိုင်းသို့ ဦးတည်လာဖွယ်ရှိ၊ ရာသီဥတုကြောင့် ရော်ဘာဈေးမြင့်တက်၊ မြန်မာအပါအဝင် ခြောက်နိုင်ငံပူးပေါင်း၍ မဲခေါင်မြစ်ကို သုတေသနပြုလုပ်မည်၊ ရွှေပြည်ဟိန်းကုသိုလ်ဖြစ်ဆေးခန်းမှ မျက်စိခွဲစိတ်ဆောင်ဖွင့်မည်။ ကျောက်တော်- မြောက်ဦး ရထားလမ်းပိုင်း မြေသားလုပ်ငန်းများ ဆောင်ရွက်၊ ရွှေပြည်ဟိန်းကုသိုလ်ဖြစ်ဆေးခန်းမှ လူနာပေါင်း နှစ်သိန်းခုနစ်သောင်းကျော် ကုသပေးခဲ့၊ ပွင့်လင်းရာသီခရီးသွားလုပ်ငန်းအတွက် တာဝန်ရှိသူတို့သုံးသပ်၊ စံပြငါးဈေးသို့ ငါးဝင်ရောက်မှုများပြား၊ ဝီကီလိစ်ခ်ဝက်ဘ်ဆိုက် ကမ္ဘာ့လုံခြုံရေး ချိုးဖောက်ဟုဆို၊ ဟေတီတွင် ဆရာဝန်၊ သူနာပြုများ အရေးတကြီးလိုအပ်၊ တောင်ကိုရီးယားနယ်စပ်အနီး မြောက်ကိုရီးယားဒုံးပျံများ ခင်းကျင်းထား၊ ယမ်းငွေတန်ဖိုး မြင့်တက်မှုကြောင့် ဂျပန်နိုင်ငံ၏ စက်မှုကုန်ထုတ် လုပ်ငန်းများကျဆင်း၊ ဇင်ယော်နီ၏ ကံကောင်းခြင်းကိန်းဂဏန်းများ စသည့် ပြည်တွင်းပြည်ပသတင်း၊ဆောင်းပါးများဖြင့် . . . . News Watch (စောင့်ကြည့်) ဂျာနယ် ထွက်နေပြီဖြစ်သည်။ (သတင်းစဉ်)

သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေများ လှူဒါန်းနိုင်

ရန်ကုန် ဒီဇင်ဘာ ၃

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့က ကြီးမှူးကျင်းပမည့် ၁၃၇၂ ခုနှစ် စာဆိုတော်နေ့ အထိမ်းအမှတ် သက်ကြီးစာပေပညာရှင် ၁၃၅ ဦးတို့အား ပူဇော်ကန်တော့ပွဲအတွက် အလှူရှင်များက စေတနာသဒ္ဓါထက်သန်စွာ ပါဝင်လှူဒါန်းလျက်ရှိကြရာ ယနေ့အထိ ငွေကျပ် သိန်း ၁၅၀ ကျော် လက်ခံရရှိပြီးဖြစ်သည်။

သက်ကြီးစာပေပညာရှင်ပူဇော်ကန်တော့ပွဲအတွက် ပါဝင်လှူဒါန်းလိုသည့် စေတနာရှင်များသည် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ အမှတ်(၅၂၉) ကုန်သည်လမ်း စာပေဗိမာန် ရန်ကုန်မြို့ ဖုန်း-၂၅၂၄၁၇ နှင့် ၃၈၅၂၇၃ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒီဇင်ဘာလထုတ် ကွန်ပျူတာဂျာနယ်ထွက်ရှိ

ရန်ကုန် ဒီဇင်ဘာ ၃

ကွန်ပျူတာနည်းပညာဆိုင်ရာ ဆောင်းပါးများ၊ လက်တွေ့ကွန်ပျူတာ သင်ခန်းစာများ၊ လစဉ်ပါဝင်နေကျ အတ္ထုပ္ပတ္တိဆောင်းပါး၊ ယနေ့ခေတ်တွင် နည်းပညာများ တိုးတက်ဖွံ့ဖြိုးလာသည်နှင့်အမျှ အင်တာနက်တွင် Facebook ကို အသုံးချပြီး အင်တာနက်သားကောင် ဖြစ်သွားရသူများနှင့် Facebook သုံးစွဲသူများ သတိထားသင့်သည့် အချက်များ၊ မယုံနိုင်အောင် ပြောင်းလဲလာမည့် မိုဘိုင်းလ်ဖုန်းတွေရဲ့ရှေ့ရေး စသည့် ဆောင်းပါးများ ပါဝင်သည့် ကွန်ပျူတာဂျာနယ်ကို ယနေ့ထုတ်ဝေ ဖြန့်ဖြူးလိုက်ပြီ ဖြစ်သည်။

ယခုလထုတ် ကွန်ပျူတာဂျာနယ်၏ အတ္ထုပ္ပတ္တိကဏ္ဍတွင် မှတ်မှတ်ရရ ဖော်ပြထားသည်မှာ မြန်မာနိုင်ငံ ကွန်ပျူတာသမိုင်းကြောင်းတွင် ချန်ထား၍မရသည့် မြန်မာနိုင်ငံ ကွန်ပျူတာတပ်ဆင်ရေး စီမံကိန်း အကောင်အထည် ဖော်ခဲ့ကြသူများထဲတွင် တစ်ဦးအပါအဝင်ဖြစ်သည့် ဆရာဦးစိုးပိုင်နှင့် ဆရာ့ဘဝတစ်စိတ် တစ်ဒေသကို တင်ပြထားသည်။ ကွန်ပျူတာခေတ်ဦးကာလက အဖြစ်အပျက်များ အကြောင်းအရာများကို ဆရာ့ဘဝနှင့် ယှဉ်ပြီး လေ့လာနိုင်သည်။

ယခုလထုတ် ကွန်ပျူတာဂျာနယ်တွင် ရုံးလုပ်ငန်းများအတွက် မရှိမဖြစ် ဆော့ဖ်ဝဲတစ်ခုဖြစ်သည့် မိုက်ကရိုဆော့ဖ် Office 2010 အကြောင်းကိုလည်း လေ့လာသုံးသပ် တင်ပြထားသည်။ စာစီစာရိုက်လုပ်ငန်းများအတွက် Word 2010 စာရင်းဇယားလုပ်ငန်းအတွက် Excel 2010, Data အချက်အလက်များအတွက် Access 2010 ရှင်းလင်းတင်ပြခြင်းများအတွက် Power Point 2010 စသည့် ဆော့ဖ်ဝဲများနှင့် ပတ်သက်ပြီး လေ့လာသုံးသပ် တင်ပြထားသည်။

လက်ရှိ မျက်မှောက်ခေတ်သည် အင်တာနက်၏ ကျေးဇူးကြောင့် လူသားတို့အတွက် အကျိုးဖြစ်ထွန်းမှုပေါင်းများစွာ ခံစားနေရသော်လည်း အင်တာနက်ကို အလွဲသုံးမှုများအပြင် အင်တာနက်သည် လူဆိုးလူသွမ်းများအတွက် အချောင်နေရာတစ်ခု ဖြစ်လာသည်ဆိုသည့် အကြောင်းကိုလည်း Facebook ဇာတ်လမ်းများ ဆောင်းပါးဖြင့် တင်ပြထားသည်။ Facebook ကို အသုံးချပြီး အင်တာနက် သားကောင်ဖြစ်သွားရသူများ အကြောင်းအပြင် Facebook သုံးစွဲသူများ သတိထားသင့်သည့် အချက်များပါ ဖော်ပြပေးထားသည်။

ဒီဇင်ဘာလထုတ် ကွန်ပျူတာဂျာနယ်ကို စာအုပ်ဆိုင်များ၊ စူပါမားကတ်များတွင် ဝယ်ယူရရှိနိုင်ပြီး တစ်ဦးချင်း အိမ်အရောက် မှာကြားဖတ်ရှုလိုသူများ အနေဖြင့် Novel Light Express ဖုန်း - ၃၉၁၁၈၆၊ ၀၉-၅၀၈၀၈၅၀ တို့သို့ ဆက်သွယ်မှာကြားပါက စာအုပ်ဆိုင်တွင် ရောင်းသောမူရင်းဈေးအတိုင်း အိမ်တိုင်ရာရောက် ပို့ပေးမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ရေကြောင်း သတိပေးချက်ထုတ်ပြန်

ရန်ကုန် ဒီဇင်ဘာ ၃

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်း ဆောင်ရွက်လျက်ရှိသော Rimbunan Petrogas Ltd. သည် မုတ္တမကမ်းလွန် လုပ်ကွက်အမှတ် M-1တွင် Geotechnical Site Survey(GTI) တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေး ရေယာဉ် MV Volans AG-30 ဖြင့် ဒီဇင်ဘာ ၁၉ ရက်မှ ၃၁ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

Geotechnical Site Survey(GTI) တိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်မည့် လမ်းကြောင်းတစ်လျှောက် တည်နေရာများမှာ Point A မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၆ မိနစ် ၄၆ ဒသမ ၃၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၄၂ မိနစ် ၂၃ ဒသမ ၇၂ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၆ မိနစ် ၄၄ ဒသမ ၀၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၄၄ မိနစ် ၃၈ ဒသမ ၁၀ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၄ မိနစ် ၃၄ဒသမ ၁၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၄၄ မိနစ် ၃၅ ဒသမ ၆၆ စက္ကန့်နှင့် Point D မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၄ မိနစ် ၃၆ ဒသမ ၄၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၄၂ မိနစ် ၂၁ ဒသမ ၃၀ စက္ကန့်အတွင်းတွင် ဖြစ်သည်။

သို့ဖြစ်ပါ၍ မုတ္တမကမ်းလွန် လုပ်ကွက်အမှတ် M-1 တွင် Geotechnical Site Survey(GTI) တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေး ရေယာဉ် MV Volans AG-30 ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင်ဧရိယာမှ ၄ ကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariner's) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်း၊ ငါးဖမ်းကိရိယာ၏ အထောက်အကူပြု ပစ္စည်းများဖြစ်သည့် ဝါးပိုးဝါးများ သွယ်တန်းစိုက်ထူထားခြင်းနှင့် ကျားပိုက်များ သွယ်တန်းထားခြင်း မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားသည်။ (သတင်းစဉ်)

အေအိုင်ဒီအက်စ် တိုက်ဖျက်ဖို့ ခွဲခြားမှုကို ရှောင်ကြဉ်လို့ ကာကွယ်ကုသစောင့်ရှောက်စို့

နေ့စဉ်ထုတ်သတင်းစာတွေမှာ ခုခံအားကျဆင်းမှုကူးစက်ရောဂါ(HIV/AIDS)ကာကွယ်ရေး၊ ကုသရေး၊ ပြုစုစောင့်ရှောက်ရေးလုပ်ငန်းတွေကို နိုင်ငံတော်က အင်အားအပြည့်နဲ့ ဆောင်ရွက်ပေးနေကြောင်း၊ အထူးကုဆေးရုံကြီးတွေ ၃၀ လောက်အထိကို သတ်မှတ်ပြီး စနစ်တကျကုသပေးနေတဲ့အပြင် NGO အဖွဲ့ ၁၁ ဖွဲ့နဲ့ INGO အဖွဲ့ ၂၁ ဖွဲ့တို့ကိုလည်း သတ်မှတ်ချက်များနှင့်အညီ HIV/AIDS ဝေဒနာရှင်များကို ကုသပြုစုစောင့်ရှောက်ပေးနိုင်ရန် ခွင့်ပြုပေးခဲ့ကြောင်း ဖတ်ရှုသိရပါတယ်။ အထူးကုဆေးရုံကြီး(သာကေတ)မှာဆိုရင် HIV/AIDS ရောဂါဝေဒနာရှင်တွေကို တည်းခိုဖို့ နေရာပါပေးပြီး စနစ်တကျ ပြုစုကုသစောင့်ရှောက်ပေးနေကြောင်း ဖတ်လိုက်ရတဲ့အတွက် သာဓုအကြိမ်ကြိမ်ခေါ်မိပါတယ်။

ဒါနဲ့ပတ်သတ်လို့ HIV/AIDS အကြောင်း သိသင့်တာတွေကိုလည်း မှတ်သားဖြစ်ပါတယ်။ ကမ္ဘာပေါ်မှာ HIV ပိုးကို ၁၉၈၁ ခုနှစ်တုန်းက အမေရိကန်ပြည်ထောင်စုမှာ စတင်တွေ့ရှိခဲ့ပြီးနောက် HIV/AIDS ဆိုတဲ့ရောဂါဟာ ကမ္ဘာ့လူသားများအတွက် ကြောက်စရာအကောင်းဆုံးရောဂါဆိုးကြီးဖြစ်မှန်း သတိထားမိလာကြပြီး လူသားတွေအတွက် အန္တရာယ်ရှိမှုမှာ ထိပ်ဆုံးက နေရာယူလာခဲ့ပါတယ်။ ယခုအခါ ကမ္ဘာတစ်ဝန်းလုံးမှာ HIV/AIDS ပိုး ကူးစက်ခံရသူပေါင်း ၃၃ ဒသမ ၄ သန်းခန့်ရှိကြောင်း သိရပါတယ်။ နိုင်ငံတကာမှာ ရောဂါပိုးစတင်တွေ့ရှိစဉ်က ရောဂါပိုးကူးစက်ဖို့ အန္တရာယ်များပြားတဲ့ အပြုအမူများဖြစ်ကြတဲ့ မူးယစ်ဆေး သွေးကြောထဲထိုးသွင်းမှုနဲ့ လိင်အပျော်အပါးလိုက်စားမှုရှိတဲ့ လူအုပ်စုများမှာ ကူးစက်ဖြစ်ပွားခဲ့ပြီး ယခုအခါမှာတော့ ရောဂါပိုးကူးစက်ဖို့ ဖြစ်နိုင်ခြေ နည်းပါးလှတဲ့ လူအုပ်စုထဲကိုပါ ကူးစက်မှုရှိလာတာကို တွေ့ရပါတယ်။

HIV/AIDS ကာကွယ်ရေး၊ ကုသပြုစုစောင့်ရှောက်ရေးလုပ်ငန်းများနဲ့ ပတ်သတ်ပြီး မြန်မာနိုင်ငံမှာ ၁၉၈၅ ခုနှစ်မှ စတင်ပြီး အမျိုးသားရေးအသွင်နဲ့ ကဏ္ဍပေါင်းစုံ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ဒါနဲ့ပတ်သတ်လို့ မြန်မာနိုင်ငံမှာ ကြိုးပမ်းဆောင်ရွက်နေသလို ကမ္ဘာတစ်ဝန်းလုံးမှာလည်း အကြိတ်အနယ်ဆောင်ရွက်နေကြပါတယ်။ ရောဂါရဲ့စွမ်းအားကကြီးမားလှလေတော့ ကာကွယ်ဆေးနဲ့ အမြစ်ပြတ်ကုသနိုင်တဲ့ ဆေးများပေါ်ထွက်လာစေဖို့ နှစ်ပေါင်း(၂၀)ကျော် ကြိုးပမ်းဆောင်ရွက်ခဲ့သော်လည်း ကြိုးပမ်းဆဲအခြေအနေမှာသာ ရှိနေသေးတာကို တွေ့ရပါတယ်။ ဝေဒနာရှင်တွေဘက်မှာလည်း ရောဂါပိုးရှိသူများဟာ မိမိတို့ကို ခွဲခြားနှိမ့်ချဆက်ဆံမှာကို စိုးရိမ်ပြီး လူသိမခံလိုတဲ့အတွက်ကြောင့် ကျန်းမာရေးစောင့်ရှောက်မှုကို စောစီးစွာ ခံယူမှုနည်းပါးနေသေးတာကလည်း အခက်အခဲတစ်ရပ်ဖြစ်ကြောင်း တွေ့ရှိရပါတယ်။ **ဒါကြောင့် HIVရောဂါပိုးကူးစက်ခံရသူတွေ၊ AIDS ဝေဒနာခံစားနေရသူတွေနဲ့ သူတို့ရဲ့ မိသားစုတွေကို ခွဲခြားနှိမ့်ချဆက်ဆံမှုမရှိဘဲ နွေးထွေးကြည်ဖြူစွာနဲ့ လူသားချင်းကိုယ်ချင်းစာနာပြီး လက်တွဲကူညီပံ့ပိုး ပြုစုစောင့်ရှောက်ပေးဖို့ နိုင်ငံတော်အစိုးရက ဆောင်ပုဒ်တွေအများအပြား ထုတ်ပြန်လို့ တိုက်တွန်းထားပါတယ်။ ရောဂါပိုးကူးစက်မှုများပြားတဲ့ အသက်အရွယ်အုပ်စုဟာ ကုန်ထုတ်စွမ်းအား မြှင့်တင်ပေးနိုင်တဲ့ လုပ်အားအရင်းအမြစ်ဖြစ်တဲ့ လူငယ်လူရွယ်များဖြစ်ကြတဲ့အတွက် ခုခံအားကျဆင်းမှုကူးစက်ရောဂါဟာ ကျန်းမာရေးသာမက လူမှုရေး၊ စီးပွားရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးများကိုပါ ထိခိုက်နိုင်ပါတယ်။ ဒါကြောင့် နိုင်ငံအသီးသီးမှာ အဓိက ဦးစားပေးတိုက်ဖျက်နေသလို မြန်မာနိုင်ငံမှာလည်း အမျိုးသားရေးအသွင်နဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားနဲ့ လှုပ်ရှားမှုတွေကို နှစ်စဉ် ဒီဇင်ဘာ ၁ ရက်ကစလို့ ပထမရက်သတ္တပတ် အတွင်းမှာ ကျင်းပပြုလုပ်ခဲ့ကြပါတယ်။ နှစ်စဉ် အထိမ်းအမှတ်ဆောင်ပုဒ်များလည်း ချမှတ်ဆောင်ရွက်ခဲ့ကြပါတယ်။ ၂၀၁၀ ခုနှစ်အတွက် ဆောင်ပုဒ်ကတော့ "Stop AIDS. Keep the Promise. Avoid Stigma & Discrimination: Towards Universal Access" ဖြစ်ပြီး မြန်မာလိုကတော့ "အေအိုင်ဒီအက်စ် တိုက်ဖျက်ဖို့၊ ခွဲခြားမှုကိုရှောင်ကြဉ်လို့၊ ကာကွယ်ကုသစောင့်ရှောက်စို့" ဖြစ်ပါတယ်။**

လှိုင်ဘွား(ပါရမီ)

မြန်မာနိုင်ငံမှာ ၁၉၈၅ ခုနှစ်မှ စတင်ပြီး HIV ပိုးကူးစက်မှု ရှိ၊ မရှိကို **စူးစမ်းလေ့လာရေးအဖွဲ့ ဖွဲ့စည်းပြီး သုတေသနပြု စောင့်ကြပ်ကြည့်ရှု လေ့လာခဲ့ပါတယ်။ တကယ်တော့ HIV/AIDS ရောဂါပိုးဟာ မြန်မာနိုင်ငံလို ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားလှတဲ့ ဟီရိဩတ္တပ္ပတရားကို အလေးထားလှတဲ့ နိုင်ငံမျိုးနဲ့ မူလအားဖြင့် အလှမ်းဝေးလှပါတယ်။ မြန်မာနိုင်ငံမှာပထမဦးဆုံး HIV ပိုးရှိသူကို ၁၉၈၈ ခုနှစ်မှာ နိုင်ငံခြားမှ ပြန်လည်ရောက်ရှိလာတဲ့ သင်္ဘောသားတစ်ဦးမှ စတင်တွေ့ရှိခဲ့ပြီး AIDS ဝေဒနာရှင်ကိုတော့ ၁၉၉၁ ခုနှစ် ကျမှသာ တွေ့ရှိခဲ့ပါတယ်။ အဲဒီကစလို့ မြန်မာနိုင်ငံမှာ HIV/AIDS ရောဂါကို အမျိုးသားကျန်းမာရေးစီမံကိန်းမှာ အဓိကဦးစားပေးရောဂါများအနက် တစ်ခုအဖြစ် သတ်မှတ်ပြီး အမျိုးသားရေးအသွင်နဲ့ တိုက်ဖျက်လျက်ရှိပါတယ်။** ၁၉၈၉ ခုနှစ်မှာ အမျိုးသားကျန်းမာရေးကော်မတီရဲ့ ဦးဆောင်လမ်းညွှန်မှုနဲ့ ခုခံအားကျဆင်းမှုကူးစက်ရောဂါ ကာကွယ်တားဆီးရေးနဲ့ တိုက်ဖျက်ရေးဗဟိုအဖွဲ့ကို ကျန်းမာရေးဝန်ကြီးဌာန ဦးဆောင်ပြီး နှီးနွယ်တဲ့ဝန်ကြီးဌာနများ၊ ပြည်တွင်းလူမှုရေးအဖွဲ့အစည်းများ ပါဝင်ဖွဲ့စည်းခဲ့ပါတယ်။ တစ်ချိန်တည်းမှာပဲ လုပ်ငန်းကော်မတီ၊ ပြည်နယ်/တိုင်းဒေသကြီး/ခရိုင်နဲ့ မြို့နယ်အဆင့်ကော်မတီများကိုလည်း ဖွဲ့စည်းဆောင်ရွက်ခဲ့ပါတယ်။

မြန်မာနိုင်ငံမှာ HIV ရောဂါပိုး ကူးစက်မှုအခြေအနေနဲ့ ပတ်သက်ပြီး ဆက်လက်လေ့လာသုံးသပ်နိုင်ဖို့ အမြဲမပြတ် စူးစမ်းလေ့လာတဲ့လုပ်ငန်း (HIV Sentinel Surveillance)ကိုလည်း ၁၉၉၂ ခုနှစ်မှာ စတင်ဆောင်ရွက်ခဲ့ရာမှာ (၁၅-၄၉)နှစ်ကြား HIV/AIDS ဖြစ်ပွားနှုန်းဟာ သုည ဒသမ ၉၄ ရာခိုင်နှုန်း ရှိခဲ့ရာမှ ၂၀၀၉ ခုနှစ်မှာတော့ သုည ဒသမ ၆၁ ရာခိုင်နှုန်းသို့ လျော့ကျသွားခဲ့ကြောင်း တွေ့ရှိရပါတယ်။ ယခုအခါ အေအာရ်တီဆေးဝါးနဲ့ကုသဖို့ လိုအပ်သူ ၇၄၀၀၀ ခန့်ရှိပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ၂၀၀၅ ခုနှစ်မှစတင်ပြီး HIV/AIDS ဝေဒနာရှင်များကို HIV ပိုးပျံ့ပွားမှု ဟန့်တားစေနိုင်တဲ့ အေအာရ်တီဆေးနဲ့ ကုသမှုလုပ်ငန်း (Antiretroviral Therapy-ART) ကိုပြုလုပ်ပေးခဲ့ရာ ၂၀၀၉ ခုနှစ်မှာ လူနာပေါင်း ၂၁၀၀၀ ကျော်ကို ကုသမှုပေးနိုင်ခဲ့ပါတယ်။ လေ့လာဆန်းစစ်ချက်တွေအရ အေအာရ်တီဆေးနဲ့ ကုသဖို့လိုအပ်တဲ့ လူနာအားလုံးကို မည်သည့်နိုင်ငံမှာမှ ရာနှုန်းပြည့် ကုသပေးနိုင်ခြင်း မရှိသေးကြောင်း တွေ့ရပါတယ်။

ကျန်းမာရေးဦးစီးဌာန ရောဂါနှိမ်နင်းဌာနခွဲအောက်ရှိ HIV/AIDS ရောဂါတိုက်ဖျက်ရေးစီမံချက်ဟာ ခုခံအားကျဆင်းမှုကူးစက်ရောဂါကို ပြည်သူ့ကျန်းမာရေးပြဿနာအဖြစ်မှ လျော့နည်းပပျောက်ရန် ရည်ရွယ်ချက်ထားကာ ဆောင်ရွက်လျက်ရှိတဲ့ စီမံချက်ဖြစ်ပါတယ်။ ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေး မဟာဗျူဟာစီမံကိန်း (၂၀၀၆-၂၀၁၀) National Strategic Plan on HIV/AIDS (2006-2010) ကို နှီးနွယ်သော ဌာနဆိုင်ရာများ၊ ပြည်တွင်းနှင့် နိုင်ငံတကာလူမှုရေးအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနဲ့ ပူးပေါင်းကာ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ခုခံအားကျဆင်းမှုကူးစက်ရောဂါ ကာကွယ်ရေး၊ ကုသရေး၊ ပြုစုစောင့်ရှောက်ရေးလုပ်ငန်းများကို နည်းဗျူဟာ(၁၃)ချက်နဲ့အညီ အောက်ပါအတိုင်း အဓိကလုပ်ငန်းစဉ်ကြီး(၁၀)ရပ်အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

- လုပ်ငန်းများအောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အာဏာပိုင်အဖွဲ့အစည်းများ၊ ပူးပေါင်းဆောင်ရွက်မယ့် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများနဲ့ ပြည်သူလူထုအား အသိပေးရှင်းလင်းဆွေးနွေးပွဲများ ပြုလုပ်လျက်ရှိပါတယ်။
- ပြည်သူလူထုအနေနဲ့ ကျန်းမာရေးဆိုင်ရာ မှန်ကန်သည့်အပြုအမူကောင်းများ ရရှိနိုင်စေရန်အတွက် အပြုအမူပြောင်းလဲရေးဆိုင်ရာ ကျန်းမာရေးပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။
- လိင်ဆက်ဆံမှုမှတစ်ဆင့် အိပ်ချ်အိုင်ဗွီပိုးကူးစက်မှု ကာကွယ်တဲ့လုပ်ငန်းများအနေနဲ့ ကာလသားရောဂါများနဲ့ပတ်သက်ပြီး စောစီးစွာ ရှာဖွေကုသပေးခြင်းများကို တစ်နိုင်ငံလုံးရှိ အခြေခံကျန်းမာရေးဝန်ထမ်းများကို သင်တန်းပေးပြီး ဆေးရုံ၊ ဆေးခန်းများမှ ဆောင်ရွက်လျက်ရှိပါတယ်။ ရာခိုင်နှုန်းပြည့် ကွန်ဒုံးအသုံးပြုရေးလုပ်ငန်းများကို ၂၀၁၀ ခုနှစ်မှာ နယ်စပ်မြို့နှစ်ခုဖြစ်တဲ့ ကော့သောင်းနဲ့တာချီလိတ်မြို့၊ ကူးသန်းသွားလာမှုများပြားတဲ့ ပြည်နဲ့ပဲခူးမြို့များမှာ စတင်ဆောင်ရွက်ခဲ့ပြီး ယခုအခါ မြို့နယ် ၁၇၀ တွင် ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။

ကျန်းမာရေးဦးစီးဌာန ရောဂါနှိမ်နင်းဌာနခွဲအောက်ရှိ HIV/AIDS ရောဂါတိုက်ဖျက်ရေးစီမံချက်ဟာ ခုခံအားကျဆင်းမှုကူးစက်ရောဂါကို ပြည်သူ့ကျန်းမာရေးပြဿနာအဖြစ်မှ လျော့နည်းပပျောက်ရန် ရည်ရွယ်ချက်ထားကာ ဆောင်ရွက်လျက်ရှိတဲ့ စီမံချက်ဖြစ်။ ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေး မဟာဗျူဟာစီမံကိန်း (၂၀၀၆-၂၀၁၀) National Strategic Plan on HIV/AIDS (၂၀၀၆-၂၀၁၀) ကို နှီးနွယ်သော ဌာနဆိုင်ရာများ၊ ပြည်တွင်းနှင့် နိုင်ငံတကာလူမှုရေးအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနဲ့ ပူးပေါင်းကာ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ။

- မူးယစ်ဆေးဝါးသုံးစွဲမှုမှတစ်ဆင့် အိပ်ချ်အိုင်ဗွီရောဂါ ကူးစက်ပြန့်ပွားမှု ကာကွယ်သည့်လုပ်ငန်းများကို အဓိကအားဖြင့် ကချင်ပြည်နယ်နဲ့ ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့မှ ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။
- ကိုယ်ဝန်ဆောင်မိခင်မှ သန္ဓေသားသို့ အိပ်ချ်အိုင်ဗွီရောဂါကူးစက်ပြန့်ပွားမှု ကာကွယ်သည့်လုပ်ငန်းများကို ၂၀၁၀ ခုနှစ်တွင် နယ်စပ်မြို့နယ် နှစ်ခုဖြစ်သော ကော့သောင်းနှင့် တာချီလိတ်မြို့နယ်တို့တွင် စတင်ကာဆောင်ရွက်ခဲ့ပြီး ယခုအခါ မြို့နယ်ပေါင်း ၂၁၀ နဲ့ ဆေးရုံပေါင်း ၃၈ ရုံတွင် ဆောင်ရွက်လျက်ရှိပါတယ်။
- သွေးသွင်းကုသမှုလုပ်ငန်းမှာ အိပ်ချ်အိုင်ဗွီပိုးကင်းစင်တဲ့သွေးများ ရရှိစေရန်အတွက် တစ်နိုင်ငံလုံးရှိ ဆေးရုံများမှာ အသုံးပြုမည့်သွေးများအား အိပ်ချ်အိုင်ဗွီပိုးစစ်ဆေးဆောင်ရွက်လျက်ရှိပါတယ်။
- ဝေဒနာရှင်နှင့် မိသားစုများအားကုသမှုပေးခြင်းနဲ့ သင့်လျော်တဲ့ပြုစုစောင့်ရှောက်မှုများပေးခြင်းလုပ်ငန်းများအနေနဲ့ မိမိဆန္ဒအလျောက် နှစ်သိမ့်ဆွေးနွေးပညာပေးမှုခံယူကာ အိပ်ချ်အိုင်ဗွီပိုးစစ်ဆေးခြင်းလုပ်ငန်းများ တီဘီ/အိပ်ချ်အိုင်ဗွီ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများကို ခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေးအဖွဲ့များနဲ့ တီဘီရောဂါတိုက်ဖျက်ရေးအဖွဲ့များတွင် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ခုခံအားကျဆင်းမှုကို အခွင့်အရေးယူပြီး ဝင်ရောက်လာတဲ့ ရောဂါများအား ကုသပေးခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။
- **ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများအနေနဲ့ နှီးနွယ်သောဝန်ကြီးဌာနများ အထူးသဖြင့် ပညာရေးဝန်ကြီးဌာနနဲ့ ပူးပေါင်းကာ ဘဝတစ်သက်တာ သိကောင်းစရာအိပ်ချ်အိုင်ဗွီပညာပေးခြင်းကို တွဲဖက်သင်ရိုးအဖြစ် တစ်နိုင်ငံလုံးရှိကျောင်းများမှာ သင်ကြားလျက်ရှိပြီး ပြည်ထဲရေးဝန်ကြီးဌာန မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် ကာကွယ်တားဆီးရေးဗဟိုအဖွဲ့နဲ့ ပူးပေါင်းကာ မူးယစ်ဆေးစွဲသူများမှာ အိပ်ချ်အိုင်ဗွီပိုး ကူးစက်မှုအန္တရာယ် လျော့ကျရေးလုပ်ငန်းများကိုလည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနဲ့ပူးပေါင်းပြီး လူမှုရေးဆိုင်ရာ ကူညီပံ့ပိုးမှုများနဲ့ ပြုစုစောင့်ရှောက်မှုလုပ်ငန်းများကို လည်းကောင်း ဆောင်ရွက်လျက်ရှိပါတယ်။ ဒ့ါအပြင် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်း ခုနစ်ခု၊ ပြည်တွင်းလူမှုရေးအဖွဲ့အစည်း ၁၈ ခုနဲ့ နိုင်ငံတကာလူမှုရေးအဖွဲ့အစည်း ၂၂ ခုတို့ကလည်း ကျန်းမာရေးဝန်ကြီးဌာနမှချမှတ်ထားသော လမ်းညွှန်ချက်များနဲ့အညီပူးပေါင်း ဆောင်ရွက်လျက်ရှိပါတယ်။** စာမျက်နှာ ၇ ကော်လံ ၁ သို့ ❖

မြန်မာနိုင်ငံမှာ HIV ရောဂါပိုး ကူးစက်မှုအခြေအနေနဲ့ပတ်သက်ပြီး ဆက်လက်လေ့လာသုံးသပ်နိုင်ဖို့ အမြဲမပြတ် စူးစမ်းလေ့လာတဲ့လုပ်ငန်း (HIV Sentinel Surveillance) ကိုလည်း ၁၉၉၂ ခုနစ်မှာ စတင်ဆောင်ရွက်ခဲ့ရာမှာ (၁၅-၄၉)နှစ်ကြား HIV/AIDS ဖြစ်ပွားနှုန်းဟာ သုည ဒသမ ၉၄ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၀၉ ခုနစ်မှာတော့ သုည ဒသမ ၆၁ ရာခိုင်နှုန်းသို့ လျော့ကျသွားခဲ့ကြောင်း တွေ့ရှိရ။ ယခုအခါ အေအာရ်တီဆေးဝါးနဲ့ကုသဖို့ လိုအပ်သူ ၇၄၀၀၀ ခန့်ရှိ။ မြန်မာနိုင်ငံအနေနဲ့ ၂၀၀၅ ခုနစ်မှစတင်ပြီး HIV/AIDS ဝေဒနာရှင်များကို HIV ပိုးပျံ့ပွားမှု ဟန့်တားစေနိုင်တဲ့ အေအာရ်တီဆေးနဲ့ ကုသမှုလုပ်ငန်း (Antiretroviral Therapy-ART) ကိုပြုလုပ်ပေးခဲ့ရာ ၂၀၀၉ ခုနစ်မှာ လူနာပေါင်း ၂၁၀၀၀ ကျော်ကို ကုသမှုပေးနိုင်ခဲ့။

၂၀၁၀ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အခမ်းအနား မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၃

မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၁၀ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အခမ်းအနားကို ယမန်နေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ခရိုင် ဒက္ခိဏသီရိမြို့ရှိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်ရုံး သီရိရတနာခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကများဖြစ်ကြသည့် ဒေါ်ခင်မိမိ၊ ဒေါ်မြသီဂီနှင့် ဒေါ်နီနီဝင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်ဥက္ကဌ ဒေါ်သက်သက်ဇင်နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဌ ဒေါ်နီလာသော်နှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့် အမျိုးသမီးရေးရာ အဖွဲ့ - အဖွဲ့ဝင်များ၊ ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများဖြစ်ကြသည့် WHO၊ UNICEF၊ UNAIDS တို့မှ တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆရာဝန်အသင်း၊ မြန်မာနိုင်ငံသွားဆရာဝန်အသင်း၊ မြန်မာနိုင်ငံသူနာပြုအသင်းနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့မှ ဥက္ကဌများနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက အမှာစကားပြောကြားသည်။

နှစ်စဉ်နှစ်တိုင်း ဒီဇင်ဘာလ ၁ ရက်နေ့ကို ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့အဖြစ် သတ်မှတ်ပြီး မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ကျင်းပလျက်ရှိကြောင်း၊ ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေး အထိမ်းအမှတ် ဆောင်ပုဒ်များ ချမှတ်ပြီး ဆောင်ရွက်ခဲ့ရာတွင် ယခု ၂၀၁၀ ခုနှစ် ဆောင်ပုဒ်မှာ- "Stop AIDS. Keep the promise. Avoid Stigma & Discrimination: Towards Universal Access.'' "အေအိုင်ဒီအက်စ်တိုက်ဖျက်ဖို့ ခွဲခြားမှုကိုရှောင်ကြဉ်လို့၊ ကာကွယ်ကုသစောင့်ရှောက်စို့" ဖြစ်ပါကြောင်း။

ယခုအခါ UNAIDS အစီရင်ခံစာ ၂၀၀၉ ခုနှစ်အရ ကမ္ဘာပေါ်တွင် လူပေါင်း ၃၃ ဒသမ ၃ သန်းခန့်ဟာ အိပ်ချ်အိုင်ဗွီရောဂါပိုးကူးစက်နေရကြောင်း တင်ပြထားသည်ကို တွေ့ရှိရပါကြောင်း၊ ယင်းတို့အနက် ထက်ဝက်နီးပါးမှာ အမျိုးသမီးများဖြစ်ကြပြီး နေ့စဉ်လူပေါင်း ၇၀၀၀ ကျော် တစ်နည်းအားဖြင့်ဆိုလျှင် မိနစ်တိုင်းမှာ လူငါးဦးကို ရောဂါပိုးကူးစက်လျက်ရှိကြောင်း တင်ပြထားပါကြောင်း၊ ၂၀၀၉ ခုနှစ် တစ်နှစ်တည်းမှာပင် လူပေါင်း ၂ ဒသမ ၆သန်းခန့် ရောဂါကူးစက်ခံရပြီး ၁ ဒသမ ၈ သန်းခန့်သေဆုံးခဲ့ကြောင်း။ ကမ္ဘာတစ်ဝန်းရှိ ၁၅ နှစ်မှ ၄၉ နှစ်ကြား သေဆုံးကြသူများသည် အေအိုင်ဒီအက်စ်ရောဂါကြောင့် အများဆုံးသေဆုံးရခြင်းဖြစ်ကြောင်း၊ အေအိုင်ဒီအက်စ်ရောဂါကြောင့် အချို့နိုင်ငံများ၏ လူ့သက်တမ်းသည် လျော့နည်းလာသည်ကို တွေ့ရှိရကြောင်း။

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန ခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေးစီမံချက်ကလည်း နှီးနွှယ်သည့်ဝန်ကြီးဌာနများ၊ ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ လူမှုရေးအသင်းအဖွဲ့များ၊ ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများ၊ ပြည်သူလူထု အခြေပြု အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အဓိက လုပ်ငန်းစဉ် ၁၀ ခုဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ အိပ်ချ်အိုင်ဗွီရောဂါ ကာကွယ်တားဆီးရေးလုပ်ငန်းများတွင် သိသာထင်ရှားသော တိုးတက်မှုများ ရှိခဲ့ပါကြောင်း။

မြန်မာနိုင်ငံတွင် စဉ်ဆက်မပြတ် အိပ်ချ်အိုင်ဗွီရောဂါပိုး စောင့်ကြပ်လေ့လာချက်ကို ၁၉၉၂ ခုနှစ်မှ စ၍ ဦးတည်အုပ်စုများဖြစ်သော ပြည့်တန်ဆာများ၊ မူးယစ်ဆေးအကြောထဲထိုးသွင်းသူများ၊ အမျိုးသား ကာလသားရောဂါရှင်များ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် သွေးလှူရှင်များတွင် ဆောင်ရွက်လျက်ရှိရာ အိပ်ချ်အိုင်ဗွီ ရောဂါပိုးဖြစ်ပွားမှုနှုန်း ကျဆင်းလာသည်ကို တွေ့ရှိရကြောင်း၊ ရောဂါဖြစ်ပွားမှု အန္တရာယ်များသော အုပ်စု ဖြစ်သည့် ပြည့်တန်ဆာများတွင် ၂၀၀၀ ခုနှစ်၌ ၃၈ ရာခိုင်နှုန်းရှိရာမှ ၂၀၀၉ ခုနှစ်တွင် ၁၈ ဒသမ ၃၈ ရာခိုင်နှုန်းသို့ လည်းကောင်း၊ အလားတူ မူးယစ်ဆေးအကြောထဲ ထိုးသွင်းသူများတွင် အိပ်ချ်အိုင်ဗွီပိုး တွေ့ရှိမှုနှုန်းသည်လည်း ၆၂ ဒသမ ၇ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၀၉ ခုနှစ်တွင် ၃၇ ဒသမ ၅ ရာခိုင်နှုန်းသို့ လျော့ကျလာသည်ကို တွေ့ရှိခဲ့ရကြောင်း၊ အဆိုပါအချက်များမှ မြန်မာနိုင်ငံ၌ အိပ်ချ်အိုင်ဗွီရောဂါပိုးဖြစ်ပွားနှုန်းကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ UNAIDS အဖွဲ့၊ နှီးနွှယ်နေသော အစိုးရအဖွဲ့အစည်းများနှင့် လူမှုအဖွဲ့အစည်းများ ပူးပေါင်း၍ ၂၀၀၉ ခုနှစ်တွင် ခန့်မှန်းတွက်ချက်ခဲ့ရာ အိပ်ချ်အိုင်ဗွီရောဂါပြန့်ပွားနှုန်းမှာ ၂၀၀၀ ပြည့်နှစ်တွင် သုည ဒသမ ၉၄ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၀၉ ခုနှစ်တွင် သုည ဒသမ ၆၁ ရာခိုင်နှုန်းသို့ သိသိသာသာကျဆင်းလာသည်ကို တွေ့ရှိရပါကြောင်း။

ယခုအခါ စာရင်းမှတ်တမ်းများအရ အမျိုးသမီးများတွင် အိပ်ချ်အိုင်ဗွီရောဂါပိုး ကူးစက်ခံရမှုသည် တဖြည်းဖြည်းများပြားလာကြောင်း တွေ့ရှိလာခဲ့ရသည့်အတွက် အိပ်ချ်အိုင်ဗွီရောဂါပိုးကူးစက်မှုမှ ကာကွယ်ရေးနှင့် ပြုစုစောင့်ရှောက်ရေးများတွင် ပြည်တွင်းလူမှုရေးအသင်းအဖွဲ့များဖြစ်သည့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

ကိုယ်ဝန်ဆောင်မိခင်မှ သန္ဓေသားသို့ အိပ်ချ်အိုင်ဗွီရောဂါပိုးကူးစက်မှု ကာကွယ်ရေးလုပ်ငန်းကို ခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေးစီမံချက်နှင့် ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့(UNICEF)၊ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့(UNFPA)၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများနှင့် တစ်တပ်တစ်အား ပူးပေါင်းဆောင်ရွက်လျက်ရှိသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ၂၀၁၀ ခုနှစ်အထိ ကိုယ်ဝန်ဆောင်မိခင်မှ သန္ဓေသားသို့ အိပ်ချ်အိုင်ဗွီရောဂါပိုးကူးစက်မှု ကာကွယ်ရေးလုပ်ငန်း (PMCT)ကို မြို့နယ်ပေါင်း ၂၁၀ နှင့် ဆေးရုံကြီး ၃၈ ရုံတို့၌ တိုးချဲ့ဆောင်ရွက်လျက်ရှိရာ ၂၀၀၉ ခုနှစ်အတွင်း ကိုယ်ဝန်ဆောင်မိခင် ၂ ဒသမ ၈ သိန်းခန့်အား မိမိဆန္ဒအလျောက် နှစ်သိမ့်ဆွေးနွေးပညာပေးမှုခံယူကာ အိပ်ချ်အိုင်ဗွီပိုးရှိ မရှိ စစ်ဆေးခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးနိုင်ခဲ့ပြီး အိပ်ချ်အိုင်ဗွီပိုးတွေ့ရှိသည့် ကိုယ်ဝန်ဆောင်မိခင်ပေါင်း ၄၂၂၅ ဦးအနက် ၃၄၃၈ ဦးအား မိခင်မှသန္ဓေသားသို့ အိပ်ချ်အိုင်ဗွီပိုး ကူးစက်မှုကာကွယ်ဆေးတိုက်ကျွေးနိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ သို့ရာတွင် အဆိုပါလုပ်ငန်းကို တစ်နိုင်ငံလုံး လွှမ်းခြုံတိုးချဲ့ဆောင်ရွက်သွားနိုင်ရန်အတွက် အဖွဲ့အစည်းအသီးသီးမှ ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များသည် ခန်းမအတွင်း ခင်းကျင်းပြသထားသည့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်၏ ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် HIV/AIDS ကူးစက်ရောဂါ တိုက်ဖျက်ရေး လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုကြပြီး အခမ်းအနားကို ခေတ္တရပ်နားသည်။

ထို့နောက် အခမ်းအနား အစီအစဉ်များကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်ဥက္ကဌ ဒေါက်တာဒေါ်သက်သက်ဇင်က အမှာစကားပြောကြားသည်။

ယင်းနောက် ကမ္ဘာ့ခုခံအား ကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးဆိုင်ရာ စီမံချက်မန်နေဂျာ ဒေါက်တာခင်ဥမ္မာစံက ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး အချက်အလက်များကို ရှင်းလင်းဟောပြောပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မော်လမြိုင် စက်မှုလက်မှု အထက်တန်းကျောင်း အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၃

မော်လမြိုင် စက်မှုလက်မှုအထက်တန်းကျောင်း၏ ဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၁ ရက် (စနေနေ့) နံနက် ၈နာရီတွင် ရွှေတိဂုံစေတီအနောက်ဘက်မုခ်ရှိ မော်လမြိုင်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသားဟောင်းများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ပူဇော်ပွဲအခမ်းအနားသို့ မပျက်မကွက်တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် ပစ္စည်းများ ပါဝင်လှူဒါန်းလိုသူများသည် (ရန်ကုန်) ဆရာ ဦးဉာဏ်ထွန်း ဖုန်း-၆၄၁၈၄၆၊ ဦးထွန်းလွင် ဖုန်း-၇၂၄၇၁၃၊ ၀၉-၅၀၇၃၈၉၂၊ ဦးကြည်မြင့် ဖုန်း-၀၉-၅၁၄၀၉၁၆၊ ဦးဆန်းဦး ဖုန်း-၅၇၂၃၇၅၊ ဦးရွှေဝင်း ဖုန်း-၀၉-၅၁၆၉၆၂၃၊ ၆၈၀၂၂၆၊ ဦးစိုးမြင့် ဖုန်း-၆၈၂၆၂၈၊ ၀၉-၅၁၇၇၂၅၃၊ (မော်လမြိုင်)ဆရာမြဟန် ဖုန်း-၀၅၇-၂၂၈၅၉၊ ကိုအောင်မြင့် ဖုန်း-၀၉-၄၉၈၀၁၂၆၇၊ (တောင်ငူ) ဦးစိုးနိုင်ဦး ဖုန်း-၀၅၄-၂၃၃၉၁ (လိုင်းခွဲ-၂၆)၊ (မုဒုံ)ဦးစောစိန်သောင်း ဖုန်း-၀၅၇-၇၀၆၃၄နှင့် (ဘားအံ) ဦးစောသိန်းဦး ဖုန်း-၀၅၈-၂၂၀၁၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

(ကြေးမုံ)

ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပိန်းဇလုပ်စျေး၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ရေဂါလန် ၅၆၀၀ ဆံ့ မီးသတ်ရေကန် ပြုပြင်မွမ်းမံပြီးစီးမှုကို ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအမ်လှသောင်း ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဝေါမြို့ အထက အမျိုးသားနေ့ အခမ်းအနား ကျင်းပ

ဝေါ ဒီဇင်ဘာ ၃

(၉၀)ပြည့်နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားကို ဒီဇင်ဘာ ၁ ရက် နံနက် ၈ နာရီတွင် ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ဝေါမြို့ အခြေခံပညာ အထက်တန်းကျောင်း သီရိဇေယျာခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဌ ဦးခင်မောင်ထွေးနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ဆရာ၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဌ၏ သဝဏ်လွှာကို ဖတ်ကြားပြီး အမျိုးသားနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲနှင့် ကဗျာပြိုင်ပွဲများတွင် ဆုရရှိကြသူများကို ဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(မြို့နယ်စာနယ်ဇင်း)

❖ စာမျက်နှာ ၆ မှ

- အထူးစီမံချက်လုပ်ငန်းများအနေနဲ့ မြန်မာ-ထိုင်းနှစ်နိုင်ငံ နယ်စပ်ဒေသတစ်လျှောက် အိပ်ချ်အိုင်ဗွီပိုးကူးစက်မှု ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။
- **အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို ကွင်းဆင်းကြီးကြပ်ခြင်း၊ အားသာချက်၊ အားနည်းချက်များကို နှစ်စဉ် ပြန်လည်ဆန်းစစ် ဆွေးနွေးသုံးသပ်ခြင်းလုပ်ငန်းများကို ပြုလုပ်ကာ ရှေ့လုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေး မဟာဗျူဟာစီမံကိန်း (၂၀၀၆-၂၀၁၀)ကို ပြန်လည်သုံးသပ်ကာ နောက်လာမည့် ငါးနှစ်တာအတွက် မဟာဗျူဟာစီမံကိန်း(၂၀၁၀-၂၀၁၅)ကို ကျန်းမာရေးဦးစီးဌာန ခုခံကျ/ကာလသားရောဂါ တိုက်ဖျက်ရေးစီမံချက်မှ ဦးဆောင်ပြီး နှီးနွှယ်သောဌာနဆိုင်ရာများ၊ ပြည်တွင်းနဲ့ နိုင်ငံတကာ လူမှုရေးအဖွဲ့အစည်းများနဲ့ ကုလသမဂ္ဂအဖွဲ့အစည်းများ ပူးပေါင်းကာ ပြုစုရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။**

HIV ပိုးပြန့်ပွားမှုကိုဟန့်တားနိုင်တဲ့ အေအာရ်တီဆေးနဲ့ ကုသမှုလုပ်ငန်းများကို ၂၀၀၅ ခုနှစ်မှစတင်ပြီးဆောင်ရွက်ခဲ့ကာ ယခုအခါ ကျန်းမာရေးဝန်ကြီးဌာနလက်အောက်ရှိ ဆေးရုံပေါင်း ၃၀ တွင် ဆေးကုသမှုပေးလျက်ရှိပြီး INGO အပြည်ပြည်ဆိုင်ရာအဖွဲ့တွေဖြစ်တဲ့ NAP, Alliance, AZG, AMI, FX, IOM, Malteser, MDM, MSF-CH, PSI, Consortiun, UNION, AHRN စတဲ့ အဖွဲ့ ၁၃ ဖွဲ့နှင့် ပူးပေါင်းပြီး ၂၀၀၈ ခုနှစ်တွင် လူနာပေါင်း ၁၅၁၉၁၊ ၂၀၀၉ခုနှစ်တွင် လူနာပေါင်း၂၁၁၃၈ ဦးကို ကုသမှုပေးနိုင်ခဲ့ပါတယ်။ ရန်ကုန်မြို့တွင် ခုခံအားကျဆင်းမှုကူးစက်ရောဂါ လူနာများအတွက် အထူးကုဆေးရုံ (ဝေဘာဂီ)မှာ သာမက အထူးကုဆေးရုံ (မင်္ဂလာဒုံ)နဲ့ အထူးကုဆေးရုံ(သာကေတ)တို့မှာလည်း ပြုစုကုသစောင့်ရှောက်ပေးလျက်ရှိပါတယ်။

အလားတူပါပဲ။ ကျွန်တဲ့ စေတနာရှင်လူပုဂ္ဂိုလ်တွေ၊ အဖွဲ့အစည်းတွေ အနေနဲ့လည်း ဒီ HIV/ AIDS ဝေဒနာရှင်တွေကို ကူညီစောင့်ရှောက်ကြရာမှာ ဆူကြံ့နိမ့်မြင့်မရွေး မည်သူမဆို နိုင်ငံတော်အစိုးရနဲ့ ပူးပေါင်းဆောင်ရွက်နိုင်ပါတယ်။ သို့သော် တစ်ခုရှိတာက ဒီလိုဆောင်ရွက်ရာမှာ စေတနာရှိရုံ တစ်ခုမျှနဲ့ မပြီးပါဘူး။ "ပေါ့စေလိုလို့ ကြောင်ရုပ်ထိုး၊ ဆေးကြောင့်လေး"ဆိုတဲ့ စကားလိုမဖြစ်စေဖို့အတွက် ဆောင်ရွက်မှုတိုင်းဟာ ကျန်းမာရေးစံနှုန်းသတ်မှတ်ချက်နဲ့ညီညွတ်မယ်၊ AIDS ရောဂါရဲ့ ဘေးထွက်ရောဂါပြန့်ပွားမှုတွေနဲ့ပတ်သက်လို့ ပတ်ဝန်းကျင်ပြည်သူလူထုကို စိုးရိမ်စိတ်တွေကင်းဝေးစေနိုင်မယ်၊ လူနာတွေအတွက် ထိထိရောက်ရောက်ပံ့ပိုးမှု ဖြစ်စေမယ်ဆိုရင်တော့ အတိုင်းထက်အလွန်ကောင်းမွန်တဲ့ ဆောင်ရွက်ချက်တွေဖြစ်မှာပါ။

HIV/AIDS နဲ့ ပတ်သက်လို့ ပြီးပြည့်စုံတဲ့ စဉ်ဆက်မပြတ်ကျန်းမာရေးစောင့်ရှောက်မှု ရရှိစေဖို့အတွက် ဆေးရုံ၊ ဆေးခန်းများမှာ ကုသခြင်းသာမက ပြည်သူလူထုအခြေပြု အိမ်တိုင်ရာရောက် ပြုစုစောင့်ရှောက်ခြင်းလုပ်ငန်းများကိုလည်း ပြည်နယ်/တိုင်းဒေသကြီးအသီးသီးမှာ ၂၀၀၆ ခုနှစ်မှစတင်ပြီး ပြည်တွင်းလူမှုရေးအဖွဲ့အစည်းများနဲ့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာမှာ ၂၀၁၀ ခုနှစ်မှာတော့ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းက လှိုင်သာယာမြို့နယ်မှစတင်ပြီး အပတ်စဉ်သောကြာနေ့တိုင်း ကွင်းဆင်းဆောင်ရွက်လျက်ရှိပါတယ်။ ခုခံအားကျဆင်းမှုကူးစက်ရောဂါနဲ့ပတ်သက်လို့ ယခင်က "ကုရာနတ္ထိ ဆေးမရှိ" လို့ ဆိုခဲ့ပါတယ်။ ဒါပေမယ့် အခုအခါမှာတော့ အမြစ်ပြတ်ကုသနိုင်တဲ့ ဆေးမဖော်ထုတ်နိုင်သေးပေမယ့်လည်း HIV ပိုးပြန့်ပွားမှုကို ရပ်တန့်စေနိုင်တဲ့ အေအာရ်တီ ဆေးရှိလာခြင်း၊ မိမိဆန္ဒအလျောက် နှစ်သိမ့်ဆွေးနွေးမှုခံယူပြီး အိပ်ချ်အိုင်ဗွီပိုး ရှိ၊ မရှိ သွေးစစ်နိုင်တဲ့ ဌာနများဖွင့်လှစ်ကာ ဆောင်ရွက်ပေးနိုင်ခြင်းတို့ကြောင့် ရောဂါပိုးရှိနေပေမယ့်လည်း စိတ်ဓာတ်ကျစရာမလိုဘဲ နှစ်သိမ့်ဆွေးနွေးမှုခံယူ စနစ်တကျ ကျန်းမာရေးစောင့်ရှောက်မှုခံယူပြီး မှန်ကန်တဲ့ အပြုအမူတွေ ကျင့်သုံးပြီး နေထိုင်မယ်ဆိုရင် အခြားနာတာရှည်ရောဂါများတွေလိုပဲ နေထိုင်လာနိုင်ပြီဖြစ်ပါတယ်။ ဒါ့အပြင် ရောဂါပိုး ရှိသူများကလည်း ခုခံအားကျဆင်းမှုကူးစက်ရောဂါ ကာကွယ်ရေး၊ ကုသရေးနဲ့ ပြုစုစောင့်ရှောက်ရေးလုပ်ငန်းများမှာ ကျန်းမာရေးဌာနနဲ့ပူးပေါင်းပြီး မိမိတို့တတ်စွမ်းသမျှ ကူညီဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာနိုင်ငံမှာ ခုခံအားကျဆင်းမှုကူးစက်ရောဂါကာကွယ်ရေး၊ ကုသရေးနဲ့ ပြုစုစောင့်ရှောက်ရေးလုပ်ငန်းများမှာ နိုင်ငံတော်ရဲ့ အားပေးထောက်ခံလမ်းညွှန်မှု၊ ကျန်းမာရေးဝန်ကြီးဌာနရဲ့ ဦးဆောင်မှုများနဲ့အညီ ကဏ္ဍပေါင်းစုံ ပူးပေါင်းပါဝင်မှုတို့ကြောင့် အသက်အုပ်စု (၁၅-၄၉)နှစ်ကြား အိပ်ချ်အိုင်ဗွီဖြစ်ပွားနှုန်းဟာ ၂၀၁၀ ခုနှစ်မှာ တဖြည်းဖြည်းကျဆင်းလာတာကို တွေ့ရပါတယ်။ ဒါကြောင့် ရရှိပြီးဖြစ်တဲ့ အိပ်ချ်အိုင်ဗွီဖြစ်ပွားနှုန်းကျဆင်းလာမှုအခြေအနေကို ဆက်လက်ကျဆင်းစေဖို့နဲ့ ပြည်သူ့ကျန်းမာရေးပြဿနာအဖြစ်မှ လျော့နည်းပပျောက်သွားစေဖို့အတွက် ကျန်းမာရေးဝန်ကြီးဌာနနဲ့ နှီးနွှယ်တဲ့ဌာနဆိုင်ရာများ၊ ပြည်တွင်းနဲ့ နိုင်ငံတကာလူမှုရေးအဖွဲ့ အစည်းများ၊ အိပ်ချ်အိုင်ဗွီရောဂါပိုးရှိသူများနဲ့ မိသားစုများအပါအဝင် ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းပြီး၊ အိပ်ချ်အိုင်ဗွီပိုးကူးစက်မှု အန္တရာယ်ရှိစေနိုင်တဲ့ အပြုအမူများကို ပြောင်းလဲစေဖို့ ဦးတည်တဲ့ ရောဂါကာကွယ်ရေး ပညာပေးခြင်းလုပ်ငန်းများ၊ ပြီးပြည့်စုံသော စဉ်ဆက်မပြတ် ပြုစုကုသစောင့်ရှောက်ခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ခြင်းအားဖြင့် ထောင်စုနှစ်ဆိုင်ရာ ရည်မှန်းချက်များကို ပြည့်မီပြီး မြန်မာနိုင်ငံမှာ အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီ အက်စ်ရောဂါပပျောက်သွားအောင် တဖြည်းဖြည်းဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ဒီလုပ်ငန်းစဉ်ကြီးကို ဆောင်ရွက်ရာမှာ စေတနာမှန်ပြီး လုပ်နည်းလုပ်ဟန် မှန်ကန်တဲ့အတွက် မလွဲမသွေ အောင်မြင်မယ်ဆိုတာကို အထူးယုံကြည်မိကြောင်းပါခင်ဗျား။ ။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေ နှင့် ဧည့်သည်တော်များ အပြည်ပြည် ဆိုင် ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် လှုပ်ရှားမှုနှင့် ဓာတ်ပုံမှတ်တမ်းများ ပြခန်းအတွင်း ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

✻ ရွှေဖုံးမှ

ရှေးဦးစွာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေက အဖွင့်အမှာစကားပြောကြားရာတွင် နှစ်စဉ် ဒီဇင်ဘာ ၃ ရက်ကို အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ဟု ကုလသမဂ္ဂ အဖွဲ့ကြီးက ဂုဏ်ပြုသတ်မှတ်ထားကြောင်း၊ ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့် သန်စွမ်းသူများနည်းတူ တန်းတူအခွင့်အရေးရရှိစေရန်၊ ဂုဏ်သိက္ခာနှင့် စိတ်ဓာတ်အင်အားများ မြင့်မားလာရန်ဆိုသည့် ရည်ရွယ်ချက်များဖြင့် နှစ်စဉ် ဒီဇင်ဘာ ၃ ရက်ရောက်တိုင်း ယခုကဲ့သို့ အခမ်းအနားမျိုးကို အစဉ်အလာမပျက် ဂုဏ်ပြုကျင်းပ ပေးခဲ့သည်မှာ ဤနှစ်သည် (၁၇)နှစ်မြောက် ကျင်းပခြင်းဖြစ်ကြောင်း။

ဦးတည်ချက်ဆောင်ပုဒ်

ကုလသမဂ္ဂအဖွဲ့ကြီးက ၂၀၁၀ ခုနှစ်အတွက် ဦးတည်ချက်ဆောင်ပုဒ် ချမှတ်ပေးထားပြီးရင်းမှာ Keeping the Promise: Mainstreaming Disability in the Millennium Development Goals towards 2015 and beyond ဖြစ်ကာ ကျင်းပရေးလုပ်ငန်းကော်မတီက ဆီလျော်အောင် မြန်မာမှုပြုထားသည့် ဆောင်ပုဒ်မှာ “ထောင်စုနှစ်ရည်မှန်းချက်များမှာ မသန်စွမ်းသူများ အရေးထည့်သွင်းဖို့ရာ ပြုထားကတိ တည်ကြပါ” ဖြစ်ကြောင်း။

တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းဆိုသည့် လောကပါလတရားများ ရှင်သန်ထွန်းကားသည့် မိမိတို့မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတော်အခြေခံဥပဒေပုဒ်မ ၃၂(က) တွင် မသန်စွမ်းသူများအား နိုင်ငံတော်က ကြည့်ရှုစောင့်ရှောက်ရန် အတိအလင်း ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် မသန်စွမ်းသူများ ပြန်လည်ထူထောင်ရေး လုပ်ငန်းကိုပိုပြီး ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်ရန် မသန်စွမ်းမှု စာရင်းဇယား ကောက်မှုလုပ်ငန်းကို လူမှုဝန်ထမ်း ဦးစီးဌာနက ဦးဆောင်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၇ ခုက အိမ်ထောင်စုပေါင်း တစ်သိန်းရှစ်ထောင်တွင် ကွင်းဆင်းဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ ဤစစ်တမ်းအရ မြန်မာ့လူဦးရေ၏ ၂ ဒသမ ၃ ရာခိုင်နှုန်းခန့် တစ်နည်းအားဖြင့် လူဦးရေ ၁ ဒသမ ၃ သန်းခန့်သည် မသန်စွမ်းသူများ ဖြစ်ကြသည်ဟု သိရှိရကြောင်း၊ ဤအထဲမှ ၇၀ ရာခိုင်နှုန်းခန့်သည် လှုပ်ရှားသွားလာမှုခက်ခဲသူများဖြစ်ကြပြီး ကျန် ၃၀ ရာခိုင်နှုန်းသည် အသိဉာဏ်ခံစားမှု မသန်စွမ်းသူများ ဖြစ်ကြကြောင်း၊ ထို့ကြောင့် မသန်စွမ်းသူများအနေဖြင့် လှုပ်ရှားသွားလာမှု ရရှိခံစားခွင့်နှင့် လူ့အသိုက်အဝန်းအတွင်း တန်းတူရည်တူ ပါဝင်ခွင့်ရရှိခြင်းအားဖြင့် နိုင်ငံတော်၏ စီးပွားရေးနှင့် လူမှုရေးဦးတည်ချက်များကို ဖော်ဆောင်ရာ၌ ပါဝင်ဆောင်ရွက်နိုင်သည့် တာဝန်သိ နိုင်ငံ့သားကောင်းများ ဖြစ်လာစေရန်ဆိုသည့် ရည်မှန်းချက်ထားပြီး **အမျိုးသားအဆင့် မသန်စွမ်းသူများဆိုင်ရာ လုပ်ငန်း စီမံချက်(၂၀၁၀-၂၀၁၂)ကို ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊** မသန်စွမ်းသူများ ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုသည့် ဤလုပ်ငန်းစဉ်ကြီးသည် နိုင်ငံတော်အစိုးရတစ်ခုတည်းဖြင့် ဆောင်ရွက်၍ရသည့် လုပ်ငန်းတစ်ခု မဟုတ်သည့်အတွက် ပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်ကြရန် လိုကြောင်း ပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် ဌာနေကိုယ်စားလှယ် Mr. Bishow B. Parajuli က ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ သဝဏ်လွှာကို ဖတ်ကြားသည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် ဝန်ကြီးဦးမောင်မောင်ဆွေက အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် ထူးချွန်ဆုရ ကျောင်း၊ ဌာနနှင့် အဖွဲ့အစည်းများမှ မသန်စွမ်းသူများအား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တရားသူကြီးချုပ် ဦးအောင်တိုး၊ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မြင့်နှင့် ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် ဌာနေကိုယ်စားလှယ် Mr. Bishow B. Parajuli တို့က မသန်စွမ်းကျောင်းများမှ ဘက်စုံထူးချွန် မသန်စွမ်းကလေးများအား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးကြည်နှင့် ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ) ဥက္ကဋ္ဌ ဦးမြတ်သူဝင်းတို့က ၂၀၁၀ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရန်ကုန်မှ နေပြည်တော် ခရီးမိုင် ၂၄၃ မိုင်ကို Wheel Chair စက်ဘီးတို့ဖြင့် ခရီးထွက်ခွာခဲ့ကြသည့် မသန်စွမ်းသူများအား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ကြည့်ရှုအားပေး

ယင်းနောက် ဝန်ကြီး ဦးမောင်မောင်ဆွေနှင့် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များသည် မသန်စွမ်းသူများ ပြန်လည်ထူထောင်ရေးလုပ်ငန်းဆောင်ရွက်ချက်များကို ကြည့်ရှုအားပေးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဝန်ကြီး ဦးမောင်မောင်ဆွေနှင့် ဧည့်သည်တော်များသည် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် လှုပ်ရှားမှုနှင့် ဓာတ်ပုံမှတ်တမ်းများ ပြခန်းအတွင်း လှည့်လည်ကြည့်ရှုအားပေးကြသည်။

(သတင်းစဉ်)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေ ထူးချွန်ဆုရ မသန်စွမ်းသူတစ်ဦးအား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေ ထူးချွန်ဆုရ မသန်စွမ်းသူကလေးတစ်ဦးအား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့် ဘက်စုံထူးချွန် မသန်စွမ်းကလေးတစ်ဦးအား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မြင့် ဘက်စုံထူးချွန် မသန်စွမ်းသူတစ်ဦးအား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ကုလသမဂ္ဂ ဖွံ့ဖြိုးမှု အစီအစဉ် ဌာနေကိုယ်စားလှယ် Mr. Bishow B. Parajuli ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ သဝဏ်လွှာကို ဖတ်ကြားစဉ်။ (သတင်းစဉ်)

YMBA အသင်း အမျိုးသားနေ့ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၃

ဗုဒ္ဓဘာသာကလျာဏယုဝ (YMBA) အသင်းကြီး၏ (၉၀)ပြည့်နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ် မိတ်ဆုံစားပွဲ အခမ်းအနားကို တန်ဆောင်မုန်းလပြည့်ကျော် ၁၀ရက် ဒီဇင်ဘာ ၁ရက် နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ရေကျော်လမ်းရှိ အသင်းတိုက် မင်္ဂလာခန်းမ၌ ကျင်းပသည်။ အခမ်းအနားသို့ ဗိုလ်တထောင်မြို့နယ်နှင့် ပုဇွန်တောင်မြို့နယ်တို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ အသင်းသားများ တက်ရောက်ကြသည်။ အခမ်းအနားတွင် အသင်းဥက္ကဋ္ဌ ဦးတင်ဝင်း (မင်္ဂလမွေ ဇောတိကဇေ)က အမျိုးသားနေ့အကြောင်းကို ဟောပြောပြီး မိတ်ဆုံစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❀ မြို့ပြနှင့်ကျေးလက်မှ

လုပ်ငန်း(အနားသတ်) စခန်းသိမ်းခြင်းကို အရှိန်အဟုန်မြင့် လုပ်ဆောင်ကြကြောင်း၊ ဒေသခံပြည်သူတို့၏ လုပ်အား၊ စေတနာရှင်ပြည်သူများ ထည့်ဝင်လှူဒါန်းငွေ စုစုပေါင်းငွေကျပ် ၅၃ သိန်းစသည်တို့ဖြင့် ငွေကြေး၊ စေတနာ၊ ပညာ လုပ်အားများ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကန့်ဘလူ-တောက္ကရှပ် ပင်မ (ကျောက်ချောလမ်း) လမ်းဘေးဝဲယာမှ လှည်းများ ရှောင်ရတိမ်းရသည့်ဘဝမှ လွတ်လွတ်လပ်လပ် မောင်းနိုင်ကြသည်။ ထော်လာဂျီ၊ ဒိုင်နာ၊ ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်စသည့် စက်တပ်ယာဉ်များ နေ့ရောညပါ ရာသီမရွေးမောင်းနှင်သွားလာနိုင်ကြပြီဖြစ်သည်။ ကန့်ဘလူ-တောက္ကရှပ်လမ်း အရှည်သုံးမိုင်ကို ကျောက်ချောလမ်း အဆင့်မြှင့်တင်ဆောင်ရွက်ထားရာ “အသစ်တည်ဆောက် အဟောင်းပြုပြင်” ဆောင်ပုဒ်နှင့်အညီ စုပေါင်းအားဖြင့် ပြုပြင်ထိန်းသိမ်းခြင်းဖြစ်ပြီး ကျန်လမ်းပိုင်း ဆက်လက်ဆောင်ရွက်ရန် တင်ပြထားစဉ် ကြိုတင်ပြင်ဆင်ကြခြင်းဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးသစ်ထူးမြင့်က ရှင်းပြသည်။

ကျေးရွာချင်းဆက်လမ်းများ၊ ခရိုင်ချင်းဆက်လမ်းများ ဖောက်လုပ်ပေးခြင်းဖြင့် လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးတို့ မြို့ပြနှင့်ကျေးလက် တစ်ပြေးညီ နိုင်ငံနှင့်အဝန်း တိုးတက်ဖွံ့ဖြိုးလာမှာ ဖြစ်ကြောင်း တင်ပြရပါသည်။ ။

တောင်ပိုင်းဒေသများ ကွက်ကျားမိုးရွာနိုင်

နေပြည်တော် ဒီဇင်ဘာ ၃

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာခဲ့သည်။ **ညအပူချိန်များမှာ** ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူ ချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၆ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ချင်းပြည်နယ်တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်မှာ** ကော့သောင်းမြို့တွင် သုည ဒသမ ၂၄ လက်မဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

ဒီဇင်ဘာ ၄ ရက် ညနေထိခန့်မှန်းချက်။ ။ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်မှအပ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းတိုက်ခတ်စဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ် ဆက်လက်ရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ဒီဇင်ဘာ ၃ ရက်က ရန်ကုန်မြို့ ဂျပန်သံအမတ်ကြီးနေအိမ်၌ ကျင်းပသည့် ဂျပန်ဘုရင် မွေးနေ့အထိမ်းအမှတ် ညစာစားပွဲသို့ တက်ရောက်လာသော စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးတင်နိုင်သိန်းနှင့် ဇနီးတို့အား ပြည်ထောင်စုမြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E. Mr. Takashi SAITO နှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အစိုးရ၏ စေတနာအမှန်ကိုသိမြင် တောတွင်းလက်နက်ကိုင်အဖွဲ့ဝင်များ လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်

နေပြည်တော် ဒီဇင်ဘာ ၃

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ထား၍ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ထိထိရောက်ရောက် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး နိုင်ငံတစ်ဝန်း အကြားအလပ်မရှိ မျှမျှတတ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိခြင်းကြောင့် နိုင်ငံတော်အစိုးရ၏ လုပ်ရပ်နှင့် စေတနာအမှန်ကို သိမြင်လာကြသော တောတွင်းလက်နက်ကိုင်အဖွဲ့အစည်းများသည် ၎င်းတို့၏ မှားယွင်းသော လုပ်ရပ်များအပေါ် နားလည်သဘောပေါက်ကာ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့၏ ရင်ခွင်သို့ တစ်ဦးချင်းမှအစ အစုလိုက်၊ အဖွဲ့လိုက် လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်လျက်ရှိရာ ၂၀၁၀ ခုနှစ် နိုဝင်ဘာ ၂၇ ရက်တွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ်နယ်မြေ၌ ကေအင်န်ယူ/ ကေအင်န်အယ်အေ ငြိမ်းချမ်းရေးကောင်စီမှ ဗိုလ်မှူးလက်ကိုင် ဦးစီးအင်အား ၂၁ ဦးသည် ၆၀ မမ ကွန်မန်ဒိုစိန်ပြောင်း တစ်လက်၊ အမ်-၁၆ တစ်လက်၊ အမ်-၇၉ တစ်လက်၊ ၉-လုံးကျည် တစ်လက်၊ အမ်အေ-၇ ဗုံးသီး သုံးလုံး၊ ၄၀-မမ ဗုံးသီး ငါးလုံး၊ အမ်-၁၆ကျည် ၃၀ တောင့်၊ အမ်-၁၆ ကျည်အိမ် တစ်ခုတို့ဖြင့် လည်းကောင်း၊ ဒီဇင်ဘာ ၁ ရက်တွင် ဗိုလ်မှူးမန်းသိန်း ဦးစီးအင်အား ၁၃ ဦးသည် အေကေ-၄၇ လေးလက်၊ ကာဘိုင် သုံးလက်၊ အမ်-၁၆ ပြောင်းတို တစ်လက်၊ အမ်-၁၆ ပြောင်းရှည် တစ်လက်၊ ဝမ်ချက်စတာပြောင်းရှည် တစ်လက်၊ လက်ဖြောင့်ရိုင်ဖယ် တစ်လက်၊ ကျည်အိမ်မျိုးစုံ ၁၅ ခု၊ ကျည်မျိုးစုံ ၁၅၁ တောင့်တို့ဖြင့် လည်းကောင်း လဲလှယ်ဝင်ရောက်ခဲ့သည်။

အဆိုပါကာလအတွင်း လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်ဝင်ရောက်သူ စုစုပေါင်း ၃၄ ဦးတို့အား သက်ဆိုင်ရာ တပ်/စခန်းအသီးသီးတို့မှ တာဝန်ရှိသူများက လှိုက်လှဲပျူငှာစွာ ကြိုဆိုကြပြီး လိုအပ်သည်များ ပံ့ပိုးကူညီ ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် အလားတူ လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်ဝင်ရောက်မည့်သူများ ကျန်ရှိနေသေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

● ကျောဖုံးမှ

သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အစီအစဉ်၏ လေ့လာချက်တွင် ဖော်ပြထားသည်။

ပင်လယ်ရေပြင်များအတွင်း အက်စစ်ဓာတ်ပါဝင်မှု များပြားလာခြင်းကြောင့် ကဏန်း၊ ငါး၊ သန္တာကောင်များနှင့် ပင်လယ် ကင်းပုစွန်များ၏ အစားအစာဖြစ်သော ကယ်လ်စီယမ်အခြေခံဇီဝရုပ်များအပေါ် ဆိုးကျိုးသက်ရောက်မှု ရှိလာမည်ဖြစ်ကြောင်း လေ့လာချက်တွင် ဖော်ပြထားသည်။

သမုဒ္ဒရာရေပြင်များ အက်စစ်ဓာတ်ပါဝင်မှုနှုန်း မြင့်မားလာခြင်းသည် ကမ္ဘာ့သူ၊ ကမ္ဘာ့သား သန်းထောင်ပေါင်းများစွာကို စားနပ်ရိက္ခာပိုင်းဆိုင်ရာတွင် အထောက်အကူပြုပေးနေသော ဂေဟဗေဒစနစ်နှင့် ဇီဝရုပ်များကို တိုက်ရိုက်အကျိုးသက်ရောက်မှု ရှိမည်ဖြစ်ကြောင်း ဗြိတိန်နိုင်ငံ ပလိုင်းမောက်အဏ္ဏဝါ သုတေသနဓာတ်ခွဲခန်းမှ ပညာရှင်တစ်ဦးက ပြောကြားသည်။

ရေနေသတ္တဝါများမျိုးသုဉ်းမှုအရေးကို ကာကွယ်ရန်နှင့် သမုဒ္ဒရာရေပြင်များ အက်စစ်ဓာတ်ပါဝင်မှုနှုန်း လျှော့ချရန်အတွက် ကုလသမဂ္ဂသဘာဝပတ်ဝန်းကျင်ဆိုင်ရာ အစီအစဉ်၏ အစီရင်ခံစာက တောင်းဆိုလိုက်သည်။ **အေအက်ဖ်ပီ။**

ဩစတြေးလျနိုင်ငံ ကမ်းလွန်ပင်လယ်ပြင် တစ်နေရာတွင် တွေ့ရှိရသော သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့ တစ်ဖွဲ့၏ ရေယာဉ်တစ်စင်း။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၄-၁၂-၂၀၁၀ (စနေနေ့)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+အင်္ဂုလိမာလသုတ်+ဗောဇ္ဈင်္ဂသုတ်+ပုဗ္ဗဏှသုတ်
၅း၂၀	MRTV-4 သတင်း
၅း၅၀	"သံယောဇဉ်ပြတ်လျှင်နိဗ္ဗာန်ဝင်" တရားတော် (ညောင်ကန်အေးဆရာတော် ဒေါက်တာအရှင်ကုန္ဒက)
၆း၄၀	ကမ္ဘာ့အကြီးဆုံးစာအုပ်ကြီးဟု ထင်ပေါ် မန္တလေးမြို့က ကျောက်စာတော်စေတီတော်
၆း၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၉၄)**
၇း၃၀	MRTV-4 သတင်း
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၆၁)**
၈း၄၀	အရည်အသွေးမြင့်မားသော နည်းပညာမှသည် Giant Elevator & Escalator ဆီသို့
၉း၀၀	"Jewels of Royal Hantha" ပန်းချီပြပွဲ
၉း၁၀	မြန်မာ့လက်ရာ (မြန်မာ့အနုပညာလက်မှုပစ္စည်း အရောင်းပြခန်း)
၉း၃၀	Gobal Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
၁၀း၀၀	ရှောင်လေဝေးဝေး အရက်ဘေး [ဒေါက်တာအေးကျော် (ဇီဝကမ္မဗေဒ)]
၁၀း၁၅	သွားမယ်စားမယ် (M CAFE & FASHION)
၁၀း၄၅	Goals of the Week (စိုးမင်းဦး)
၁၁း၀၀	ပန်းချီပြခန်း (Deep Dreams)
၁၁း၁၅	ဟိုတယ်လမ်းညွှန် (The Hotel Amara NAYPYITAW)
၁၁း၅၀	ရိုးရာဆေးပညာမှ လူထုကျန်းမာရေးစောင့်ရှောက်မှုသို့
၁၂း၀၀	သူတို့ပြောတဲ့သူတို့အကြောင်း (ချစ်စနိုးဦးနှင့်တွေ့ဆုံခြင်း)
၁၂း၃၅	ဖူးမြော်စေချင်. . . ထားဝယ်မြို့မှ ရှင်ကိုးရှင်
၁း၀၀	"သံယောဇဉ်ပြတ်လျှင်နိဗ္ဗာန်ဝင်" တရားတော် (ညောင်ကန်အေးဆရာတော် ဒေါက်တာအရှင်ကုန္ဒက)
၂း၀၀	MRTV-4 သတင်း
၂း၂၀	Talent Show (လီယိုနာဒ်မောင်မောင်လွင်)
၂း၄၅	VJ Choice
၃း၁၅	ကြည်နူးစရာ လက်ဆောင်အဖြာဖြာ (Hello Baby Kids Shop)
၃း၃၅	Kid's Show
၄း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၆၁)**
၄း၅၅	ဆံကေသာအလှအတွက် Eushido
၅း၁၀	Sports Diary
၅း၃၀	MRTV-4 ကာတွန်းအစီအစဉ်
၆း၀၀	MRTV-4 သတင်း
၆း၂၀	Movie Talk [ဒါရိုက်တာကြည်စိုးထွန်း၊ ဒေါ်ချစ်မြစိန်(ရွှေညာမောင်ရုပ်ရှင်)] (အပိုင်း-၁)
၆း၄၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၉၅)**
၇း၂၀	ဖက်ရှင်လမ်းညွှန် (7 Picture Wedding Fair 2010)
၇း၃၀	သူတို့ဘဝသူတို့ဟာသ (ဦးသောင်းဟန်)
၈း၀၀	MRTV-4 သတင်း
၈း၃၀	ပခုက္ကူမြို့ ရွှေကူမြတ်စွာဘုရား
၈း၄၅	လှည့်လည်အပူဇော်ခံပွဲ နုယဉ်ဆန်းထွင်သစ်သီးအလှဆင် (မာလကာသီးဖြင့် သစ်သီးအလှပုံဖော်နည်း)
၉း၀၅	ရွှေမင်းသား(သို့) နှလုံးသားထက်မြက်သူ
၉း၂၅	Barclays Premier League (Arsenal Vs Fulham)
၁၁း၂၅	သင်ယူလေ့လာဂီတပညာ (Part-2) (Major Scales)
၁၁း၅၅	Barclays Premier League (Blackpool Vs Man U)
၁း၅၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၆၂)**
၂း၃၅	လေဖြတ်ပြီးနောက်ပြန်လည်ကျန်းမာသန်စွမ်းရေးအကြောင်း သိကောင်းစရာ (ဒေါက်တာပန်ဒိုရာအောင်ကြီး)
၂း၅၅	သဘာဝအလှရတနာ သစ်ခွကမ္ဘာ
၃း၀၅	ဆည်မြောင်းရဲ့အားမာန်. . . ပြိုင်းချောင်းရေလှောင်တမံ
၃း၁၅	World of Knowledge (Ancient Megastructures; Dubai's Palm Island)
၄း၀၅	တိုးပွားဆောင်ရွက်နိုင်ငံ့လက်ဖေးကူမွေးမြူတို့အတူ (နိုင်ငံတကာဆုရမြန်မာ့တိုင်းရင်းအလှမွေးငါးများ)
၄း၂၀	သတင်းပေးလို့ဖော် တောင်ငူပဲကြော်ပဲလှော်
၄း၃၀	သာယာလှပတောင်ပေါ်ညောင်ရွှေမှ စမ်းသပ်အောင်မြင်ပုစွန်ကန်ရေပြင်
၄း၅၀	ပုခန်းကြီးရှေးဟောင်းကျောင်းတော်ကြီး
၅း၀၀	အစီအစဉ်ပြီး။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၉း၂၅	Chelsea - Everton	ESPN (Live)
	Arsenal -Fulham	STAR SPORTS(Live)
၁၁း၅၅	Blackpool - Man U	ESPN (Live)
၁၂း၀၀	Wigan - Stoke City	STAR SPORTS(SDD)

***ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။**

ဖြူးပညာရေးမြှင့်တင်မှုကော်မတီသို့ အလှူငွေလှူဒါန်း

ဖြူး ဒီဇင်ဘာ ၃

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ပညာရေးမြှင့်တင်မှုကော်မတီသို့ မြန်မာ့သြဘာလုပ်ငန်းစု ကုမ္ပဏီလီမိတက်မှ ပညာရေးပဒေသာပင် ငွေကျပ်သိန်း ၅၀ စိုက်ထူလှူဒါန်းပွဲကို နိုဝင်ဘာ ၂၂ ရက် မွန်းလွဲ ၁ နာရီက ဖြူးမြို့ စည်ပင်သာယာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလွင်မင်းက အမှာစကားပြောကြားပြီး မြန်မာ့သြဘာလုပ်ငန်းစု ကုမ္ပဏီလီမိတက် ဒါရိုက်တာ ဦးချိုဝင်းလှိုင်နှင့် ဈေးကွက်မန်နေဂျာ ဦးကိုကိုတို့က ပညာရေးပဒေသာပင် ငွေကျပ်သိန်း ၅၀ ကို မြို့နယ်ပညာရေးမြှင့်တင်မှုကော်မတီဥက္ကဋ္ဌ ဦးတင့်အောင်သို့ ပေးအပ်လှူဒါန်းသည်။ **(ယာပုံ)**

ဆက်လက်၍ ဒါရိုက်တာ ဦးချိုဝင်းလှိုင်က ဖြူးမြို့နယ် ပညာရေးမြှင့်တင်မှုကော်မတီသို့ ပညာရေးငွေပဒေသာပင် စိုက်ထူလှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး မြို့နယ်ပညာရေးမြှင့်တင်မှုကော်မတီဥက္ကဋ္ဌ ဦးတင့်အောင်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ (၁၄၀)

လှော်ကထား အထက မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၃

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် လှော်ကထား အခြေခံပညာအထက်တန်းကျောင်း၏ ဆဋ္ဌမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၆ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ယင်းကျောင်း၌ ကျင်းပမည်ဖြစ်ရာ ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများ ကြွရောက်ကြပါရန်နှင့် လှူဒါန်းလိုသော ကျောင်းသား၊ ကျောင်းသူဟောင်းများအနေဖြင့် ဒေါ်ခင်သန်းဦး (ကျောင်းအုပ်ဆရာမကြီး၊ အထက-၃၊ ကြည့်မြင်တိုင်) ဖုန်း-၂၂၀၃၈၀၊ ဦးသန်းဝင်း (ကျောင်းအုပ်ကြီး၊ အထက လှော်ကထား)ဖုန်း-၀၉-၈၅၈၃၄၅၈၊ ဦးလှသိန်း ဖုန်း-၀၉-၄၉၇၆၆၀၆၉၊ ဦးခင်မောင်လွင် ဖုန်း-၀၉-၈၅၈၇၈၅၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ပွေးတက်ကျေးရွာ သောက်သုံးရေရရှိရေး ကွင်းဆင်းစစ်ဆေး

ရွှာင် ဒီဇင်ဘာ ၃

ရွှာင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ပွေးတက်ကျေးရွာ ရေရရှိရေး ဂါလန် ၅၀၀၀ ဆံ့ ကျောက်စီရေလှောင်ကန် တည်ဆောက်ရေးလုပ်ငန်းခွင်သို့ နိုဝင်ဘာ ၂၈ ရက်က မြို့နယ်အမှုဆောင်အရာရှိ ဦးမြတ်တက်အေးနှင့် တာဝန်ရှိသူများသွားရောက် ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးနိုင်သီဟထူးက နွေရာသီရေလုံလောက်စွာရရှိရေးနှင့် ကျောက်စီမြေသားတမံရေလှောင်ကန် ရေသိုလှောင်နိုင်မှု အခြေအနေကို ရှင်းလင်းတင်ပြကြောင်း သိရှိရသည်။ (မြို့နယ်စည်ပင်)

အခွန်ဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲ ကျင်းပ

ပြည်ကြီးတံခွန် ဒီဇင်ဘာ ၃

ပြည်တွင်းအခွန်များဦးစီးဌာန ပြည်ကြီးတံခွန်မြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၏ အခွန်ဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲကို နိုဝင်ဘာ ၂၉ ရက် နံနက် ၁၁ နာရီတွင် အဆိုပါရုံးတိုးချဲ့ဆောင် အစည်းအဝေးခန်းမ၌ ကျင်းပရာ မန္တလေးခရိုင် အခွန်ဦးစီးဌာနမှူး ဦးကျော်ဆန်း၊ မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးအေးလွင်မြင့်နှင့် တာဝန်ရှိသူများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဒေါ်ခင်ငြိမ်းသူ၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးလှအောင်၊ မြို့နယ်အတွင်းမှ လုပ်ငန်းရှင် စုစုပေါင်း ၄၂ ဦးတို့ တက်ရောက်ကြသည်။

အဆိုပါ ရှင်းလင်းဆွေးနွေးပွဲတွင် ခရိုင်အခွန်ဦးစီးဌာနမှူး ဦးကျော်ဆန်းက အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးအေးလွင်မြင့်က လုပ်ငန်းဆိုင်ရာများ ရှင်းလင်းပြောကြားကာ တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။ **(အောက်ပုံ)**

အလားတူ မန္တလေးမဟာအောင်မြေမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌လည်း ယင်းနေ့ မွန်းလွဲ ၂ နာရီခွဲတွင် အခွန်ဆိုင်ရာရှင်းလင်းပွဲကို ကျင်းပခဲ့ကြောင်း သိရှိရသည်။ (၄၆၉)

နိုဝင်ဘာ ၂၇ ရက်က ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ရုံးခန်းမ၌ ကျင်းပသော အဖွဲ့ဝင်၊ အရန်အဖွဲ့ဝင်၊ ကျောင်းသား၊ ကျောင်းသူများအား ထောက်ပံ့ငွေ ပေးအပ်ပွဲ အခမ်းအနားတွင် အဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးကျင်မိုန်(ငြိမ်း)က မမော်မော်မင်း ဆေးတက္ကသိုလ်(၁)အား ပညာသင်စရိတ်ထောက်ပံ့ငွေ ပေးအပ်စဉ်။ (၄၁)

ကျိုင်းတုံမြို့နယ် မိုးစပါးစံကွက်ရိတ်သိမ်း

ကျိုင်းတုံ ဒီဇင်ဘာ ၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်၏ မိုးစပါးအထွက်နှင့် အထွက်နှုန်းမှန်ကန်ရေးအတွက် ပြည်နယ်မြေစာရင်းဦးစီးဌာနမှူး ဦးခင်မောင်ဗိုလ်သည် နိုဝင်ဘာ ၁၄ ရက်တွင် ကျိုင်းတုံမြို့နယ် ယန်းလောကျေးရွာအုပ်စု ကွင်းအမှတ်(၅၇) ဧရိယာ ၁ ဒသမ ၈၀ ဧကရှိ ဦးစိုင်းဝိန်း၏ လယ်မြေ၌ ဆင်းကေရီ(၃)စပါးမျိုးတို စံကွက်ရိတ်သိမ်းခဲ့ရာ တစ်ဧက စပါးအထွက် ၇၈ ဒသမ ၉၂ တင်း ထွက်ရှိကြောင်း သိရသည်။

ယင်းစံကွက်ရိတ်သိမ်းပွဲသို့ မြို့နယ်မြေစာရင်းဦးစီးမှူး (ဦးစီးအရာရှိ) ဦးနေလင်းထွန်းနှင့် မြို့နယ်စိုက်ပျိုးရေး ညှိနှိုင်းမှုအဖွဲ့ဝင်များ၊ မြေစာရင်းဝန်ထမ်းများ စုံညီစွာ တက်ရောက်ခဲ့ကြသည်။(ကြေးမုံ)

တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားတက်ရောက်

နေပြည်တော် ဒီဇင်ဘာ ၃

ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ဒီဇင်ဘာ ၂ ရက်တွင် လမ်းမတော်မြို့နယ်ရှိ သူနာပြုတက္ကသိုလ် (ရန်ကုန်) ခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း တက်ရောက်သည်။

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ် ကျန်းမာရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခုခံအားကျဆင်းမှု ကူးစက်ရောဂါ ကာကွယ်တားဆီးရေးနှင့် တိုက်ဖျက်ရေး အဖွဲ့ခေါင်းဆောင်ဆရာဝန်များ၊ အထူးကု ဆေးရုံများမှ ဆေးရုံအုပ်ကြီးများ၊ ပါမောက္ခ ဆရာဝန်ကြီးများနှင့် ဝေဒနာရှင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဉာဏ်စမ်းဗဟုသုတပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲတို့တွင် ဆုရရှိကြသူများအား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ တာဝန်ရှိသူတို့က ဉာဏ်စမ်းဗဟုသုတပြိုင်ပွဲ၊ ပန်းချီ၊ ပိုစတာနှင့် ကာတွန်းပြိုင်ပွဲများတွင် ဆုရရှိကြသူများအား ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တိုင်းဒေသကြီး ကျန်းမာရေး ဦးစီးဌာနမှူးက တိုင်းဒေသကြီးအတွင်း ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့် တာဝန်ရှိသူတို့သည် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပြခန်းကို လှည့်လည်ကြည့်ရှုအားပေးကြပြီး ရောဂါဝေဒနာရှင်များအား ထောက်ပံ့ငွေနှင့် ပစ္စည်းများ ပေးအပ်ကြသည်။

ဆက်လက်၍ တိုင်းမှူးသည် ကျောက်တန်းမြို့နယ် စုပေါင်းခန်းမ၌ ကျင်းပသည့် ကျောက်တန်းမြို့နယ်ရှိ ပဲစိုက်တောင်သူများအား သွင်းအားစုစိုက်ပျိုးရေးစရိတ်ကြိုတင်ငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါ အခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန မြန်မာ့လယ်ယာ ထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ ဦးဆောင်ကုမ္ပဏီ၊ အထူးပြု ကုမ္ပဏီများမှ တာဝန်ရှိသူများ၊ စိုက်ပျိုးထုတ်လုပ်သူ တောင်သူများ တက်ရောက်ကြသည်။

အစီအစဉ်အရ တိုင်းမှူးနှင့် တာဝန်ရှိသူတို့က အမှာစကားပြောကြားကြသည်။

ထို့နောက် တာဝန်ရှိသူတစ်ဦးက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး သွင်းအားစုစိုက်ပျိုးစရိတ်ကြိုတင်ငွေများကို တောင်သူများကိုယ်စား တောင်သူတစ်ဦးထံ ပေးအပ်သည်။

ယင်းနောက် ဒေသခံ ပဲစိုက်တောင်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တိုင်းမှူးသည် ပဲစိုက်တောင်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ ခင်းကျင်းပြသထားသည့် ပဲမျိုးစုံ နမူနာများ၊ ပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာမျိုးစုံတို့ကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ငုရွှေဝါကုမ္ပဏီလီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးသိမ်းထွေး နိုင်ငံတကာအဆင့်မီ စားသောက်ကုန် Nippon Noodle ဘူးခေါက်ဆွဲများ ထုတ်လုပ်ရခြင်းအကြောင်း ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

ငုရွှေဝါ ကုမ္ပဏီလီမိတက်မှ ထုတ်လုပ်သော Nippon Noodle ဘူးခေါက်ဆွဲများအကြောင်း မိတ်ဆက်ရှင်းလင်းပွဲ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၃

ငုရွှေဝါကုမ္ပဏီလီမိတက်မှ ထုတ်လုပ်သော Nippon Noodle ဘူးခေါက်ဆွဲများ အကြောင်းကို အနယ်နယ် အရပ်ရပ်မှ အရောင်းကိုယ်စားလှယ်ကြီးများနှင့် သတင်းမီဒီယာများသို့ ရှင်းလင်းတင်ပြမိတ်ဆက်သည့် အခမ်းအနားကို နိုဝင်ဘာ ၂၉ ရက် မွန်းလွဲ ၁ နာရီတွင် ဆီဒိုးနားဟိုတယ် ရန်ကင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ငုရွှေဝါကုမ္ပဏီလီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးသိမ်းထွေးက နိုင်ငံတကာအဆင့်မီ ဘူးခေါက်ဆွဲများ ထုတ်လုပ်ရခြင်းအကြောင်းနှင့် နှုတ်ခွန်းဆက် အမှာစကားပြောကြားပြီး အရောင်းနှင့် ဈေးကွက်ဒါရိုက်တာ ဒေါ်ယမင်းအောင်က Nippon Noodle ဘူးခေါက်ဆွဲများကို လှိုက်လှဲစွာ ဝယ်ယူအားပေးကြသည့်အတွက် ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် Nippon Noodle ဘူးခေါက်ဆွဲများ၏ အရည်အသွေးကို နိုင်ငံတကာ စားသောက်ကုန်များ၏ အရည်အသွေးအတိုင်း စနစ်တကျ လတ်ဆတ်သန့်ရှင်းစွာ စီမံထုတ်လုပ်ထားကြောင်း ရှင်းလင်းတင်ပြသည်။

ယခုအခါ Nippon Noodle ဘူးခေါက်ဆွဲကို ပုစွန်ကင်မ်ချီ ဘူးခေါက်ဆွဲနှင့် တုန့်ယမ်းအရသာ ဘူးခေါက်ဆွဲများအဖြစ် ထုတ်လုပ်ထားပြီး အနယ်နယ်အရပ်ရပ်မှ စားသောက်ကုန်အရောင်းဆိုင်ကြီးများ၌ ဝယ်ယူရရှိနိုင်ပြီ ဖြစ်သည်။ မှာကြားဝယ်ယူလိုသူများ အနေဖြင့် Nippon Noodle ဘူးခေါက်ဆွဲစက်ရုံ အရောင်းဌာန ဖုန်း-၀၁-၆၁၂၇၂၃၊ ၆၁၂၆၇၄ နှင့် ၀၁- ၆၁၄၀၅၂ ~ ၆ တို့သို့ ဆက်သွယ် ဝယ်ယူရောင်းချနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း၏ ဆဋ္ဌမအကြိမ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပမည်

နေပြည်တော် ဒီဇင်ဘာ ၃

မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း၏ ဆဋ္ဌမအကြိမ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ဒီဇင်ဘာ ၁၉ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အမှတ်(၂) စည်ပင်လမ်းသစ် (ရန်ကင်းစင်တာအနောက်ဘက်)ရှိ မြန်မာနိုင်ငံဘဏ်များအသင်းခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း၊ ယင်းအစည်းအဝေးသို့ အသင်းဝင်များအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန် အလုပ်အမှုဆောင်အဖွဲ့က ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျောက်စက်ရေ မြန်မာဇာတ်ကားသစ်ရုံတင်မည်

ရုပ်ရှင်

ရန်ကုန် ဒီဇင်ဘာ ၃

ဒီဇင်ဘာ ၃ ရက် သောကြာနေ့ ယနေ့တွင် ရန်ကုန်မြို့လယ်ရုပ်ရှင်ရုံများ၌ မြန်မာဇာတ်ကားသစ် **"ကျောက်စက်ရေ"** ရုံတင်ပြသမည်ဖြစ်သည်။

မဟော်ဂနီ ရုပ်ရှင်ထုတ်လုပ်ဖြန့်ချိရေးမှ ဂျမန်း၏ဇာတ်လမ်းကို ဆုဩချယ် ဇာတ်ညွှန်းရေးသားပြီး ဒါရိုက်တာဝိုင်းရိုက်ကူးသည့် ဤဇာတ်ကားမှာ ကျောက်စက်ရေကဲ့သို့ အေးမြလှသည့် မိခင်မေတ္တာကို လိုချင်တောင့်တနေသူ သားလိမ္မာတစ်ဦး၏ဘဝကို ဇာတ်လမ်းပြု ရိုက်ကူးထားသည့် ဇာတ်ကားကောင်းတစ်ကားဖြစ်ပြီး မိခင်မေတ္တာကို တစ်သက်လုံးရှာဖွေခဲ့သော သားလိမ္မာအဖြစ် မြင့်မြတ်က ပီပြင်စွာသရုပ်ဆောင်နိုင်ခဲ့သလို မိမိ၏သားကိုပင် သားအဖြစ် ပွင့်ပွင့်လင်းလင်း မဆက်ဆံနိုင်ခဲ့သည့် မိခင်အဖြစ် သရုပ်ဆောင်သူကလည်း ပီပြင်စွာသရုပ်ဆောင်နိုင်ခဲ့ခြင်းကလည်း ဤဇာတ်ကား၏ ဇာတ်ရှိန်ကို ပို၍ပင် မြင့်တက်စေခဲ့ကာ ပရိသတ်အကြိုက် ဖြစ်စေမည်ဟု မျှော်လင့်မိပါသည်။ မြင့်မြတ်၊ အကယ်ဒမီခင်သန်းနု၊ အကယ်ဒမီ မေသန်းနု၊ အကယ်ဒမီ စိုးမြတ်သူဇာ၊ အကယ်ဒမီထွန်းအိန္ဒြာဗို၊ ဧည့်သည်သရုပ်ဆောင် ရန်အောင်၊ ရဲအောင်၊ ရန်ကျော်၊ မိုးပြည့်ပြည့်မောင်၊ သဇင်၊ မယ်လိုဒီ၊ နန်းဆုရတီစိုးနှင့် စန္ဒီမြင့်လွင်တို့ ခေါင်းဆောင်ပါဝင်ကြပြီး သမ္မတ၊ သွင်၊ မင်္ဂလာ၊ မော်တင်ဂျန်းရှင်း၊ မန္တလေး ဝင်းလိုက်နှင့် မြို့မရုံများတွင် တစ်ပြိုင် တည်း ပြသမည်ဖြစ်သည်။

မြို့လယ်ရွှေ့ဆောင်၊ နဝဒေး၊ မဟာမြိုင်ရုံများတွင်မူ **"အချစ်လားလာထား"** ဇာတ်ကား ဆက်လက်ပြသမည်ဖြစ်ပါသည်။

နိုင်ငံခြားရုပ်ရှင်

နေပြည်တော်ရုံတွင် ကမ္ဘာမြေအား ကျူးကျော်ရန်ပြုလာသူ ဂြိုဟ်သားများကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးထားသည့် SKY-LINE ဇာတ်ကား ဆက်လက်ပြသမည်ဖြစ်သည်။ (ကြေးမုံ)

ကျောက် စက် ရေ မြန် မာ ဇာတ် ကား သစ်မှ မြင့်မြတ်၊ မေ သန်း နု၊ ထွန်း အိ န္ဒြာ ဗို၊ စိုး မြတ် သူ ဇာ။

အမြို့မြို့အနယ်နယ်တွင် သာယာစည်ပင်

လားရှိုးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ယာဉ်၊ စက်၊ ယန္တရားများ ကြံ့ခိုင်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေကို ရှမ်းပြည်နယ် (မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်နှင့်အဖွဲ့ ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးဇော်ဝင်း ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

သပိတ်ကျင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သာယာလှပရေး လုပ်ငန်းများ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိရာ မြို့အဝင် လမ်းဘေးဝဲ၊ ယာ ပလက်ဖောင်းကပ်တုံး ပြုလုပ်ခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်ထွေးစန္ဒာ တာဝန်ယူဆောင်ရွက်နေမှုအား အမှုဆောင်အရာရှိ ဦးအောင်ကျော်ဟိန်း ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)



မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း မြို့သာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ရန်ကုန်အထွက်လမ်း ကန်ပေါင်တွင် အလှမီးဆိုင်း ၁၂ တိုင် တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမင်းမင်းဇော် ကွင်းဆင်းစစ်ဆေးရာ အဖွဲ့အမှုဆောင်အရာရှိ ဦးမောင်မောင်ဝင်း ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးလက်နေပြည်သူများ ပွင့်လင်းရာသီတွင် သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၃ ရက်က အေးမေတ္တာကျေးရွာနှင့် အေးသစ္စာကျေးရွာတို့တွင် အဖွဲ့အငယ်တန်းအင်ဂျင်နီယာ (၃) ဒေါ်ဥမ္မာခိုင် ကျေးရွာရေရရှိရေးကော်မတီတို့နှင့်အတူ နှစ်လက်မစက်ရေတွင်းတူးဖော်ဆောင်ရွက်လျက်ရှိရာသို့ အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦးနှင့် အင်ဂျင်နီယာမှူး ဦးမြင့်စိုးတို့ ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

တပ်မတော်(ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများ ဆက်လက်ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၃

၂၀၁၀ ခုနှစ် (၄၉)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို ယနေ့ညနေပိုင်းတွင် သတ်မှတ်ထားသည့် ဇုန်များ၌ ဆက်လက်ကျင်းပရာ (က)အုပ်စု ရပခဇုန် (တောင်ကြီး)၌ ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးအသင်းက တြိဂံဒေသတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု(က)အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် လည်းကောင်း၊ (ခ)အုပ်စု နတခဇုန်(ပုသိမ်)၌ အနောက်မြောက်တိုင်းစစ်ဌာနချုပ်အသင်းက အရှေ့မြောက်တိုင်းစစ်ဌာနချုပ်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ (ဂ)အုပ်စု နမခဇုန်(မုံရွာ)၌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းက မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု (က)အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ (ဃ)အုပ်စု တပခဇုန်(တောင်ငူ)၌ ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းက အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ (င)အုပ်စု ရကတဇုန်(ရန်ကုန်)၌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု (က)အသင်းနှင့် တပ်မတော်(လေ)အသင်းတို့သည် ဂိုးမရှိသရေဖြင့် လည်းကောင်း၊ (စ)အုပ်စု လပခဇုန် (မန္တလေး)၌ တပ်မတော်(ရေ)အသင်းက တြိဂံဒေသတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု(ခ)အသင်းကို ၁၀ ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း အသီးသီး ယှဉ်ပြိုင်ကစားသွားကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၁၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ

၂၀၁၀ ခုနှစ်၊ ဒီဇင်ဘာလ (၅၊ ၆)ရက်

နေပြည်တော်

အလင်းရောင်ကွင်းတွင် ဆန်းဒါးလန်းအမှတ်ပြည့်ရဦးမည့် ပွဲစဉ် (၁၆) ဒုတိယနေ့နှင့် တတိယနေ့ပွဲစဉ်များ

ဝင်းတင်(ကြေးမုံ)

ပရီမီယာလိဂ်ပွဲစဉ် (၁၆) ဒုတိယနေ့ဖြစ်တဲ့ ဒီဇင်ဘာ ၅ ရက် (တနင်္ဂနွေနေ့)မှာ ဝက်စ်ဘရွန်းနဲ့ နယူးကာဆယ်၊ ဆန်းဒါးလန်းနဲ့ ဝက်စ်ဟမ်းတို့ ယှဉ်ပြိုင်ကစားကြမှာဖြစ်ပြီး ဒီဇင်ဘာ ၇ ရက် (အင်္ဂါနေ့) နံနက်ပိုင်းမှာ လီဗာပူးနဲ့ ဗီလာတို့ ယှဉ်ပြိုင်ကစားကြမှာ ဖြစ်ပါတယ်။

ဆန်းဒါးလန်း-ဝက်စ်ဟမ်း

ဆန်းဒါးလန်းဟာ တိုက်စစ်မှူး အဆာမိုဂျန်နဲ့ ဒါရင်ဘန့်တို့ ခြေစွမ်းပြနေတာကြောင့် အဆင့်(၇) နေရာမှာ

ဆန်းဒါးလန်းတိုက်စစ်တွင် ခြေစွမ်းပြ ဂိုးသွင်းနေသည့် အဆာမိုဂျန်။



နယူးကာဆယ် တိုက်စစ်ကို ဦးဆောင်လာမည့် အင်ဒရူးကာရိုး။

ရပ်တည်နေပြီး ယူရိုပါလိဂ်ဝင်ခွင့် အိပ်မက်တောင်မက်ခွင့်ရှိနေပါပြီ။ ပြီးခဲ့တဲ့ ပွဲစဉ်မှာ ဝုလ်ဗာဟမ်တန်ကို ရှုံးခဲ့တယ်ဆိုပေမယ့် ဆန်းဒါးလန်းဟာ အာဆင်နယ်၊ လီဗာပူး၊ မန်ယူနဲ့ စပါးတို့လို အသင်းကြီးတွေကို အိမ်ကွင်း၊ အဝေးကွင်းမရွေး သရေခံကစားပြီး ချယ်လ်ဆီးကို အဝေးကွင်းမှာ သုံးဂိုးပြတ်သွင်းပြီး အနိုင်ယူနိုင်တဲ့အထိ ခြေစွမ်းထက်တဲ့အသင်းပါ။ ဝက်စ်ဟမ်းကတော့ ပွဲစဉ်(၁၅) အပြီးမှာ နှစ်ပွဲသာ အနိုင်ရထားသေးပြီး အမှတ်ပေးဇယားအောက်ခြေကတက်မလာနိုင်သေးပါဘူး။ ဝက်စ်ဟမ်းအသင်းဟာ ပြီးခဲ့တဲ့ပွဲစဉ်မှာ ဝီဂန်ကို အနိုင်ရခဲ့တယ်ဆိုပေမယ့် ဆန်းဒါးလန်းရဲ့ အလင်းရောင်ကွင်းမှာ သရေကစားဖို့ဆိုတာတောင်ဖြစ်နိုင်မယ်မထင်ပါဘူး။ ဆန်းဒါးလန်း အနိုင်မပြတ်သားရင်တောင် အမှတ်ပြည့်ရနိုင်မယ့်ပွဲလို့ သုံးသပ်ချင်ပါတယ်။

ဝက်စ်ဘရွန်း-နယူးကာဆယ်

အလယ်အလတ်အဆင့်မှာ ရပ်တည်နေတဲ့အသင်းတွေဆိုပေမယ့် တစ်သင်းအထာတစ်သင်းသိတဲ့ တန်းတက်တွေဖြစ်တာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်ပြီး အကြိတ်အနယ်ရှိလာဦးမှာပါ။ ဝက်စ်ဘရွန်းကစားသမားတွေ ခြေစွာသလို နယူးကာဆယ်က တေလာ၊ ဘာတန်၊ ဂူတီရာရစ်ဇ်၊ နိုလန်နဲ့ အင်ဒရူးကာရိုးတို့ အကောင်းဆုံးခြေစွမ်းပြ ကစားနိုင်ပါတယ်။ ဝက်စ်ဘရွန်း အိမ်ကွင်းကစားရမှာဖြစ်တာကြောင့် သရေမျှော်လင့်ခွင့် ရှိနေပါတယ်။

လီဗာပူး-ဗီလာ

လီဗာပူးက အဆင့်(၁၀)နဲ့ ဗီလာက အဆင့်(၁၅)မှာရှိနေပါတယ်။ လီဗာပူး တိုက်စစ်မှာ ဖာနန်ဒိုတောရက်စ်၊ အန်ဂေါ၊ ဒရက်ကောက်တို့နဲ့ လူစုံနေပေမယ့် ဂျရက်မပါတဲ့ ကွင်းလယ်က ပံ့ပိုးမှုအားနည်းနေဆဲပါ။ ဗီလာကလည်း လူစုံတက်စုံပါဝင်နိုင်မှာမဟုတ်ဘဲ တောင်ပံကစားသမား အက်ရှ်လေယန်းအပေါ် မှီခိုလွန်းနေပါတယ်။ အက်ရှ်လေယန်းခြေစွမ်းမပြနိုင်ရင် ဗီလာ ဂိုးပေါက်ပျောက်တတ်တာကြောင့် မက်ဆီရိုဒရီဂွက်ဇ်၊ ဂျိုကိုးလ်နဲ့ စကာတယ်တို့ အက်ရှ်လေယန်းကို ထိန်းချုပ်နိုင်မယ်ဆိုရင် အန်ဖီးလ်မှာ လီဗာပူး နိုင်ပွဲ တွေ့သွားမှာပါ။ ။

လီဗာပူးအသင်းမှ အားထားရသည့် တိုက်စစ်မှူး ဖာနန်ဒိုတောရက်စ်။

ပိုပြီးကြိုးစားကစားခြင်းဖြင့် အသင်းအား ကူညီရန် ဘာလော့တယ်လီအား ဗီအဲရာတိုက်တွန်း

မန်ချက်စတာ ဒီဇင်ဘာ ၃

မန်ချက်စတာစီးတီးအသင်း၏ တိုက်စစ်မှူး ဘာလော့တယ်လီအား ပိုပြီးကြိုးစားကစားခြင်းဖြင့် အသင်းအား ကူညီရန် အသင်းဖော်ကွင်းလယ်ကစားသမား ဗီအဲရာက တိုက်တွန်းပြောကြားလိုက်သည်။

"သူဟာ အဆုံးသတ်ကောင်းတဲ့ ကစားသမားတစ်ဦးပါ။ ဂိုးတွေလည်း အများကြီး သွင်းထားပေးပြီးပါပြီ။ ဂိုးသွင်းကောင်းသူတစ်ယောက် ဆိုပေမယ့် အသင်းအပေါ်မှာ ဒီထက်ပိုပြီး အကူအညီပေးရာရောက်အောင် ပိုပြီးကြိုးစားကစားဖို့လိုတယ်" ဟု ဗီအဲရာက ဆိုသည်။

ပြီးခဲ့သည့် နွေရာသီတစ်လျှောက်လုံး မန်စီးတီးအသင်းသို့ ရောက်ရှိလာပြီးကတည်းက ဘာလော့တယ်လီသည် ဒဏ်ရာပြဿနာများဖြင့်သာ ရုန်းကန်နေခဲ့ရသော်လည်း ခြောက်ကိုက်စည်းအတွင်းတွင် ကြောက်စရာကောင်းသည့် တိုက်စစ်မှူးတစ်ဦးဆိုသည်ကို သက်သေပြထားခဲ့ပြီးဖြစ်သည်။

မန်စီးတီးအသင်းအား ယူရိုပါလိဂ် ၃၂ သင်းအဆင့်သို့ တက်လှမ်းစေနိုင်ခဲ့သော ပြီးခဲ့သည့် ကြာသပတေးနေ့က ရက်ဒ်ဘူးလ်ဆယ်ဘာ့ဂ်အသင်းအား သုံးဂိုးပြတ်ဖြင့် အနိုင်ယူခဲ့သည့် ပွဲစဉ်တွင် ၎င်းတစ်ဦးတည်း နှစ်ဂိုး သွင်းယူပေးခဲ့သည်။

အင်တာနက်။

မန်စီးတီးအသင်းတွင် ပုံမှန်နေရာရလာသည့် ဘာလော့တယ်လီ။

မန်ယူကွင်းလယ်ကစားသမား ပက်ဂျီဆန် ဆီဗီလာသို့ ပြောင်းရွှေ့ဖွယ်ရှိဟု သတင်းထွက်ပေါ်

မန်ချက်စတာ ဒီဇင်ဘာ ၃

မန်ချက်စတာယူနိုက်တက်အသင်း၏ ကွင်းလယ်ကစားသမား ပက်ဂျီဆန်သည် စပိန်လာလီဂါကလပ် ဆီဗီလာသို့ လာမည့် ဇန်နဝါရီလတွင် ပြောင်းရွှေ့ကစားရန် ဆက်သွယ်မှုပြုလျက်ရှိသည်ဟု အင်္ဂလိပ်မီဒီယာများက ပြောဆိုရေးသားနေသည်။

အသက်(၂၉)နှစ်အရွယ်ရှိ တောင်ကိုရီးယားကြယ်ပွင့်သည် စပိန်ကလပ်၏ အပြောင်းအရွှေ့ကာလ ပစ်မှတ်ဖြစ်သည်ဟု Daily Mirror သတင်းစာတွင် ဖော်ပြထားသည်။

ဆီဗီလာအသင်းသို့ ပြောင်းရွှေ့ဖွယ်ရှိနေသည့် ပက်ဂျီဆန်။

ပက်ဂျီဆန်သည် မန်ယူအသင်းနှင့် နှစ်နှစ်ခွဲသက်တမ်းစာချုပ် ကျန်ရှိနေသေးသော်လည်း ဆီဗီလာအသင်း၏ အားကစားဒါရိုက်တာ ရေမွန်မွန်ချီသည် ၎င်းအား စောင့်ကြည့်နေသည်မှာ လပေါင်းများစွာ ကြာနေပြီဖြစ်ပြီး နှစ်သစ်တွင် ကမ်းလှမ်းမှုတစ်ရပ် ပေါ်ထွက်လာဖွယ်ရှိသည်ဟု သတင်းများက ဆိုသည်။

ပက်ဂျီဆန်သည် PSV အသင်းမှ မန်ယူအသင်းသို့ ပေါင်လေးသန်းဖြင့် ၂၀၀၅ ခုနှစ်တွင် ပြောင်းရွှေ့လာခဲ့သူဖြစ်သည်။ ***အင်တာနက်။***

ဟွန်ဒါအား မည်သည့်ကမ်းလှမ်းချက်မျှ မရှိဟု အေးဂျင့်ဆို

လီဗာပူး ဒီဇင်ဘာ ၃

လီဗာပူးအသင်းက ရုရှားကလပ် CSKA မော်စကိုအသင်း၏ ဂျပန်ကွင်းလယ်ကစားသမား ဖိုင်းဆုခဲဟွန်ဒါအား လီဗာပူးအသင်းက ပေါင် ၁၀ သန်းဖြင့် ကမ်းလှမ်းချက်တစ်ရပ်ပြုထားသည်ဟူသော ကောလာဟလများကို ၎င်း၏ အေးဂျင့်ဖြစ်သူက ငြင်းဆိုလိုက်သည်။

CSKA အသင်းနှင့် လေးနှစ်သက်တမ်းစာချုပ်ချုပ်ဆိုထားသော အသက် (၂၄)နှစ်အရွယ် ကစားသမားအား ဥရောပအသင်းကြီးများက စိတ်ဝင်တစားရှိနေပြီး ယင်းအထဲတွင်မှ လီဗာပူးအသင်းသည် ၎င်းအားခေါ်ယူရန် အခြေအနေကောင်းနေသည်ဟုဆိုသည်။ အပြောင်းအရွှေ့ကာလတွင် ၎င်းအားဈေးကောင်းရပါက လက်လွှတ်မည်ဟု ထုတ်ဖော်ပြောကြားရန် လီဗာပူးက CSKA အသင်းအား ဗုဒ္ဓဟူးနေ့က တိုက်တွန်းထားသည်ဟုလည်း သတင်းများထွက်ပေါ်နေသည်။

သို့သော်လည်း ကစားသမား၏ အေးဂျင့်ဖြစ်သူက ထွက်ပေါ်လာသည့် သတင်းများသည် ကောလာဟလများသာဖြစ်ကြောင်း၊ ယခုအထိ လီဗာပူးအပါအဝင် မည်သည့်အသင်းထံမှ ကမ်းလှမ်းချက် တစ်စုံတစ်ရာ မရရှိပါကြောင်း ပြောကြားထားသည်။

"ကစားသမားဟာ CSKA နဲ့ ၂၀၁၃ ခုနှစ်အထိ စာချုပ်ရှိနေပါတယ်"ဟု ၎င်းက ဆိုသည်။ ယင်းအပြင် ဟွန်ဒါအား အာဆင်နယ်နှင့် အေစီမီလန်တို့ကလည်း စိတ်ဝင်စားနေသည်ဟု သတင်းများထွက်ပေါ်နေသည်။ ***အင်တာနက်။***



CSKA **မော်စကိုအသင်းမှ ဂျပန်ကွင်းလယ်ကစားသမား ဟွန်ဒါ။**

စိုးတင့်နိုင်

နေပြည်တော် မြန်မာ့အသံရေဒီယို အစီအစဉ်

(စနေနေ့-နံနက်-နေ့လယ်-ည)

၄-၁၂-၂၀၁၀

၇း၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက်
၇း၀၅	နိုင်ငံတော်သီချင်း+ကြေညာချက် တရားတော် (ဓဇဂ္ဂသုတ်နှင့် ဂုဏ်တော်ကွန်ချာ)
၇း၃၀	ဓမ္မပူဇာတေးပဒေသာ
၇း၃၅	(၃၈)ဖြာမင်္ဂလာ နံနက်ခင်းတေးပဒေသာ
၈း၀၀	စံတော်ချိန်+သတင်း နံနက်ခင်းတေးပဒေသာ
၈း၃၀	လောကနီတိအသိရှိစေဖို့ (စိတ်အားသတ္တိ)၊ တေးပဒေသာ
၈း၄၀	ဘဝအသွင်ကဗျာ့အမြင်(ခရီးသည်)
၈း၅၀	တေးပဒေသာ
၁၀း၀၀	မွေးနေ့လက်ဆောင်
၁၀း၃၀	သတင်းစာအာဘော်
၁၀း၃၅	ရင်ခုန်စီးဆင်းအနုပညာသတင်း(၁၈)
၁၁း၀၀	နေ့လယ်ခင်းသတင်း
၁၁း၁၀	ကလေးအစီအစဉ် (ကလေးများအတွက် တေးသီချင်း-မြန်မာဟေ့မြန်မာ)
၁၁း၂၀	အာဆီယံအစီအစဉ် နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၅	ဇာတ်လမ်းပမာနားဆင်စရာ (ဖိုးသားရဲ့ဒိုင်ယာရီ)၊ တေးပဒေသာ
၁၂း၀၀	စံတော်ချိန် ချစ်ခြင်းဖြေသိမ့်တေးသံငြိမ့်(၇၇)
၁၂း၂၀	ယဉ်ကျေးမှုအနုပညာ (အုန်းသီး၊ အုန်းပင်နှင့် မြန်မာ့လူ့အဖွဲ့အစည်း)
၁၂း၃၀	ဟန်မျိုးစုံညီတေးကိုသီ
၁း၀၀	မွန်းလွဲပိုင်းသတင်း
၁း၁၀	ပညာရေးအစီအစဉ် (ပညာရေးအထူးအစီအစဉ်) တေးပဒေသာ
၁း၃၀	အစီအစဉ်ပြီး၏။
၄း၀၀	အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၄း၃၀	သောတရှင်လိုရာတေး
၅း၀၀	လေလှိုင်းကြားကပွဲတင်သံ
၅း၁၅	တေးပဒေသာ
၅း၂၅	သတင်းစာဆောင်းပါး
၅း၃၀	ခေတ်မရွေးသောတေးများ
၆း၀၀	ညနေခင်းသတင်း
၆း၁၀	တေးချစ်သူရွေးသီတေးပန်းချီ
၆း၄၅	ချိုချစ်ဖွယ် အင်္ဂလိပ်တေးသီချင်းကဏ္ဍ
၇း၀၀	နိုင်ငံတကာသတင်း နိုင်ငံရေးဦးတည်ချက်
၇း၁၀	တေးပဒေသာ
၇း၁၅	ရေဒီယိုအတိတ်တေးအရိပ်
၇း၃၀	ကျန်းမာရေးရာသိကောင်းစရာ (ရင်သားကင်ဆာ ကင်းဝေးရလေအောင်) တေးပဒေသာ
၈း၀၀	ပြည်တွင်းသတင်း
၈း၁၅	သံစဉ်တေးသွားမေတ္တာစကား
၈း၂၀	စီးပွားရေးဦးတည်ချက်
၈း၃၀	သိမှတ်ဖွယ်ရာနိုင်ငံရေးရာ
၈း၄၅	ညချမ်းချိန်ခါတေးပဒေသာ
၉း၀၀	Radio Internet
၉း၁၀	ခံစားနားဆင်မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက်
၉း၅၀	ညချမ်းချိန်ခါတေးပဒေသာ
၁၀း၀၀	အစီအစဉ်ပြီး၏။

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

အင်တာနက် အဏ္ဏဝါသိပ္ပံသတင်း ဘာသာပြန်-ဗျည်းနွဲ့

သမုဒ္ဒရာများ အက်စစ်ဓာတ်ပျော်ဝင်မှု ကုလသမဂ္ဂအစီရင်ခံစာ မီးမောင်းထိုးပြ

ကန်ကွန်(မက္ကဆီကို) ဒီဇင်ဘာ ၃

ရုပ်ကြွင်းလောင်စာများမှ ထွက်ရှိလာသော ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့များသည် အဏ္ဏဝါဂေဟဗေဒစနစ်ကို ယခင်က တွေးထင်ထားသည်ထက် ဖျက်ဆီးနိုင်စွမ်းရှိကြောင်း ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ညီလာခံမှ ထွက်ပေါ်လာသော အစီရင်ခံစာတစ်စောင်တွင် ဒီဇင်ဘာ ၂ ရက်က ဖော်ပြထားသည်။

ဆိုးကျိုး

ရုပ်ကြွင်းလောင်စာများကြောင့် ဖြစ်ပေါ်သော ကာဗွန်ဓာတ်ငွေ့များသည် ရေနေသတ္တဝါများ မျိုးပွားပျံ့နှံ့မှု၊ ဇီဝမျိုးစုံမျိုးကွဲများ ပေါကြွယ်ဝမှုနှင့် ငါးဖမ်းလုပ်ငန်းများကို ဆိုးကျိုးသက်ရောက်နိုင်ကြောင်း အစီရင်ခံစာတွင် ဖော်ပြသည်။

စက်မှုလုပ်ငန်းများက ထုတ်လွှတ်ခဲ့သော ဖန်လုံအိမ်အာနိသင်ရှိ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့များကို ကမ္ဘာ့ပင်လယ်ရေပြင်များက စုပ်ယူလျက်ရှိရာ ယင်းရေပြင်များသည် တဖြည်းဖြည်းဖြင့် အက်စစ်ဓာတ်ပျော်ဝင်မှု ပိုမိုများပြားလာကြောင်း ကုလသမဂ္ဂ

စာမျက်နှာ ၉ ကော်လံ ၁ သို့



မုံရွာခရိုင် ကနီမြို့နယ်တွင် မိုးစပါးစံကွက် တစ်ဧက ၁၁၇ တင်းထွက်ရှိ

မုံရွာ ဒီဇင်ဘာ ၃

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ကနီမြို့နယ်မှ တောင်သူဦးမြဖေ၏ ကွင်းအမှတ်(၁၂၅၇) လယ်မြေတွင် နိုဝင်ဘာ ၂၀ ရက်က မိုးစပါးစံကွက်ရိတ်သိမ်းခဲ့ရာ တစ်ဧကအထွက်နှုန်း ၁၁၇ တင်း ထွက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

ကနီမြို့နယ်တွင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ဖြန့်ဝေသော မနောသုခမျိုးသန့်အဆင့်(၁)ကို အများဆုံးစိုက်ပျိုးကြပြီး ဆန်ခါပိုက်ဖြင့် ပျိုးထောင်မှု၊ ပျိုးသက်နုနုဖြင့် စိုက်ပျိုးနိုင်မှု၊ စပါးသက်တမ်းအလိုက် ပြုစုစောင့်ရှောက်မှုများကြောင့် ယခုကဲ့သို့ တစ်ဧက ၁၁၇ တင်းထွက်ရှိခဲ့ခြင်းဖြစ်သည်။

ယခုအချိန်အခါသည် နိုင်ငံတစ်ဝန်း မိုးစပါးများ ရိတ်သိမ်းချိန်ဖြစ်သည်နှင့်အညီ တောင်သူဦးကြီးများက စပါးများလေလွင့်ဆုံးရှုံးမှုမရှိရေး၊ အမိုးအကာအောက်ရောက်ရှိရေး ကြိုးပမ်းအားထုတ် ဆောင်ရွက်လျက်ရှိနေကြကြောင်း သိရသည်။ (ပြန်/ဆက်)

ထူးခြားသည့် ညအပူချိန်များ (၃-၁၂-၂၀၁၀)

ဟားခါး	သုည ဒီဂရီစင်တီဂရိတ်
မချမ်းဘော	၅ ဒီဂရီစင်တီဂရိတ်
ပင်လောင်း	၅ ဒီဂရီစင်တီဂရိတ်
မင်းတပ်	၅ ဒီဂရီစင်တီဂရိတ်
ကသာ	၆ ဒီဂရီစင်တီဂရိတ်

ယနေ့ ဆောင်းပါးအညွှန်း

မြန်မာနိုင်ငံမှာ ၁၉၈၅ ခုနှစ်မှ စတင်ပြီး HIV ပိုးကူးစက်မှု ရှိ၊ မရှိကို စူးစမ်းလေ့လာရေးအဖွဲ့ ဖွဲ့စည်းပြီး သုတေသနပြုစောင့်ကြပ်ကြည့်ရှုလေ့လာခဲ့။ တကယ်တော့ HIV/AIDS ရောဂါပိုးဟာ မြန်မာနိုင်ငံလို ယဉ်ကျေးမှုအဆင့်အတန်း မြင့်မားလှတဲ့ ဟီရိဩတ္တပ္ပတရားကို အလေးထားလှတဲ့ နိုင်ငံမျိုးနဲ့ မူလအားဖြင့် အလှမ်းဝေးလှ။ မြန်မာနိုင်ငံမှာ ပထမဦးဆုံး HIV ပိုးရှိသူကို ၁၉၈၈ ခုနှစ်မှာ နိုင်ငံခြားမှ ပြန်လည်ရောက်ရှိလာတဲ့ သင်္ဘောသားတစ်ဦးမှ စတင်တွေ့ရှိခဲ့ပြီး AIDS ဝေဒနာရှင်ကိုတော့ ၁၉၉၁ ခုနှစ်ကျမှသာ တွေ့ရှိခဲ့။ အဲဒီကစလို့ မြန်မာနိုင်ငံမှာ HIV/AIDS ရောဂါကို အမျိုးသားကျန်းမာရေးစီမံကိန်းမှာ အဓိကဦးစားပေး ရောဂါများအနက် တစ်ခုအဖြစ် သတ်မှတ်ပြီး အမျိုးသားရေးအသွင်နဲ့ တိုက်ဖျက်လျက်ရှိ။

လှိုင်ဘွား(ပါရမီ) ၏ **"အေအိုင်ဒီအက်စ် တိုက်ဖျက်ဖို့၊ ခွဲခြားမှုကို ရှောင်ကြဉ်လို့၊ ကာကွယ်ကုသစောင့်ရှောက်စို့"**

(ဆောင်းပါး) စာမျက်နှာ - ၆